ကြေးမုံ
The Mirror

၁၃၆၇ ခုနှစ်၊ ကဆုန်လပြည့်ကျော် ၈ ရက်၊ တနင်္လာနေ့၊ (30-5-2005)(၄၆၁၁)

ပြည်တွင်းဈေးကွက် လိုအပ်ချက်ကို ရာနှုန်းပြည့်ဖြည့်ဆည်း ပြည်ပသို့ အရည်အသွေးစံချိန်မီ ပိုမိုတင်ပို့ရောင်းချနိုင်ရန်စီမံ တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေ လှိုင်သာယာစက်မှုဇုန် ကြည့်ရှုစစ်ဆေး

ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေ လှိုင်သာယာ စက်မှုဇုန်(၁)ရှိ Myanmar Pipe and Accessories Co., Ltd. ၏ Tokyo Pipe, Tokyo Plastic စက်ရုံကို ကြည့်ရှုစစ်ဆေးစဉ်။ (ရန်ကုန်တိုင်း)

ရန်ကုန် မေ ၂၉

ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ ရန်ကုန်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေသည် တာဝန်ရှိသူများ လိုက်ပါလျက် ယနေ့နံနက်ပိုင်းတွင် ရန်ကုန်မြောက်ပိုင်းခရိုင် လှိုင်သာယာမြို့နယ်ရှိ လှိုင်သာယာစက်မှုဇုန်သို့ သွားရောက်ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ မှာကြားဖြည့်ဆည်းပေးသည်။

ရှေးဦးစွာ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေသည် နံနက် ၁၁နာရီတွင် ရန်ကုန်မြောက်ပိုင်းခရိုင် လှိုင်သာယာမြို့နယ် လှိုင်သာယာစက်မှုဇုန်(၁)ရှိ Myanmar Pipe and Accessories Co., Ltd. ၏ Tokyo Pipe, Tokyo Plastic စက်ရုံသို့ ရောက်ရှိလာရာ စက်ရုံအရောင်းခန်းမ၌ မန်နေဂျင်းဒါရိုက်တာ ဦးသိန်းဟန်က Tokyo Pipe ထုတ်လုပ်မှုလုပ်ငန်းအဆင့်ဆင့်၊ အရည်အသွေးပြည့်မီစွာ ထုတ်လုပ်၍ ပြည်ပသွင်းကုန် အစားထိုး ထုတ်လုပ်နိုင်မှု၊ ပြည်ပသို့ တင်ပို့ရောင်းချမှုနှင့် ရေပေးဝေရေးလုပ်ငန်း၊ ဆည်မြောင်းလုပ်ငန်း၊ စိုက်ပျိုးရေးလုပ်ငန်းများတွင် သုံးစွဲနိုင်မှုများကို ရှင်းလင်းတင်ပြသည်။

ထို့နောက် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေက ပြည်တွင်းဈေးကွက်လိုအပ်ချက်ကို ရာနှုန်းပြည့် ဖြည့်ဆည်းနိုင်ရုံသာမက ပြည်ပသို့လည်း အရည်အသွေး စံချိန်စံညွှန်းမီစွာ ယခုထက်ပိုမို တင်ပို့ရောင်းချနိုင်ရေး စီမံထုတ်လုပ်သွားကြရန် မှာကြားပြီး လိုအပ်သည်များ ပံ့ပိုးဖြည့်ဆည်းပေးသည်။

ကြည့်ရှု

ထို့နောက် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေနှင့် အဖွဲ့ဝင်များသည် **စာမျက်နှာ ၃ ကော်လံ ၁ သို့** ✧

ဧရာဝတီတိုင်း စစ်မှုထမ်းဟောင်းအဖွဲ့ အကြိမ်ကြီးလာခံ (၂၀၀၅)ကျင်းပ တိုင်းစစ်မှုထမ်းဟောင်းအဖွဲ့ နာယက တိုင်းမှူး ဗိုလ်ချုပ်သူရမြင့်အောင် တက်ရောက်

ရန်ကုန် မေ ၂၉

ဧရာဝတီတိုင်းစစ်မှုထမ်းဟောင်းအဖွဲ့ အကြိမ်ကြီးလာခံ(၂၀၀၅)ကို ယနေ့နံနက် ၉နာရီတွင် ပုသိမ်မြို့ မြို့တော်ခန်းမ၌ကျင်းပရာ ဧရာဝတီတိုင်း စစ်မှုထမ်းဟောင်းအဖွဲ့ နာယက၊ ဧရာဝတီတိုင်း အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ အနောက်တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်သူရမြင့်အောင်၊ မြန်မာနိုင်ငံ စစ်မှုထမ်းဟောင်းအဖွဲ့ ဗဟိုစည်းရုံးရေးကော်မတီဝင်များဖြစ်ကြသော နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးကြီးသိန်းညွန့်နှင့် စည်ပင်သာယာရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဗိုလ်မှူးကြီးမျိုးမြင့်(ငြိမ်း)၊ ဧရာဝတီတိုင်း စစ်မှုထမ်းဟောင်းကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ၊ ဧရာဝတီတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး ဒုတိယဗိုလ်မှူးကြီးသိန်းလှိုင်နှင့် တိုင်းစစ်မှုထမ်းဟောင်း ကြီးကြပ်ရေးအဖွဲ့ဝင်များ၊ တိုင်းအဆင့် ဌာနဆိုင်ရာအကြီးအကဲများ၊ တိုင်း၊ခရိုင်၊မြို့နယ်စစ်မှုထမ်းဟောင်း အလုပ်အမှုဆောင်များ၊ လူမှုရေးအသင်းအဖွဲ့အသီးသီးမှ အမှုဆောင်များ၊ တိုင်းအတွင်းရှိ စစ်မှုထမ်းဟောင်းကိုယ်စားလှယ်များ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ပထမပိုင်း

ရှေးဦးစွာ အကြိမ်ကြီးလာခံပထမပိုင်းကိုကျင်းပရာ သဘာပတိအဖြစ် ဧရာဝတီတိုင်း စစ်မှုထမ်းဟောင်းအဖွဲ့နာယက၊ တိုင်းမှူး ဗိုလ်ချုပ်သူရမြင့်အောင်က ဆောင်ရွက်ပြီး အခမ်းအနားမှူးအဖြစ် နယ်မြေခံဆေးတပ်ရင်းမှ ဗိုလ်ကြီးမိုးသီတာအောင်က လည်းကောင်း၊ တွဲဖက်အခမ်းအနားမှူးအဖြစ် ဗိုလ်ခင်ဇာနည်မြင့်က လည်းကောင်း ဆောင်ရွက်ကြသည်။

အခမ်းအနားမှူးက ဧရာဝတီတိုင်း စစ်မှုထမ်းဟောင်းအဖွဲ့ အကြိမ်ကြီးလာခံသို့ တက်ရောက်ခွင့်ရှိသူ ကိုယ်စားလှယ် ၄၀၀ ဦးအနက် ၄၀၀ဦး တက်ရောက်၍ တက်ရောက်မှုရာခိုင်နှုန်း ၁၀၀ရာခိုင်နှုန်းရှိသဖြင့် အကြိမ်ကြီးလာခံ အထမြောက်ကြောင်းနှင့် သဘာပတိ၏ ခွင့်ပြုချက်အရ အကြိမ်ကြီးလာခံ စတင်ကြောင်း ကြေညာသည်။

ထို့နောက် သဘာပတိ တိုင်းမှူး ဗိုလ်ချုပ်သူရမြင့်အောင်က အဖွင့်အမှာစကား ပြောကြားသည်။

ဆက်လက်၍ ဧရာဝတီတိုင်း စစ်မှုထမ်းဟောင်းကြီးကြပ်ရေးအဖွဲ့သို့ တိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက ငွေကျပ်သိန်း ၅၀၊ ဧရာဝတီတိုင်းအတွင်းရှိ ကုမ္ပဏီများက စုပေါင်း၍ ငွေကျပ်သိန်း ၅၀၊ ဧရာဝတီတိုင်းအတွင်းရှိ လုပ်ငန်းရှင်များက စုပေါင်း၍ ငွေကျပ် ၂၅သိန်း၊ ဧရာဝတီတိုင်း မော်တော်ယာဉ်လိုင်းပေါင်းစုံ ထိန်းသိမ်းကြီးကြပ်ရေးကော်မတီနှင့် လုပ်ငန်းရှင်များက စုပေါင်း၍ ငွေကျပ်သိန်း ၂၀၊ ပုသိမ်မြို့ပေါ်ရှိ စေတနာရှင်များက စုပေါင်း၍ ငွေကျပ် ၁၀သိန်း စုစုပေါင်းလှူဒါန်းငွေကျပ် ၁၅၅သိန်းကို တိုင်းမှူး ဗိုလ်ချုပ်သူရမြင့်အောင်နှင့် အလှူရှင်များက ပေးအပ်လှူဒါန်းကြရာ **စာမျက်နှာ ၃ ကော်လံ ၃ သို့** ✳

နိုင်ငံရေး ဦးတည်ချက် (၄)ရပ်

- ✳ နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
- ✳ အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
- ✳ ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
- ✳ ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုး တိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေး ဦးတည်ချက် (၄)ရပ်

- ✳ စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ✳ ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး
- ✳ ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ✳ နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေး ဦးတည်ချက် (၄)ရပ်

- ✳ တစ်မျိုးသားလုံး၏စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
- ✳ အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်း စောင့်ရှောက်ရေး
- ✳ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
- ✳ တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ ပေါ်ပေါက်ရေးသည် မြန်မာနိုင်ငံသားအားလုံး၏ တာဝန်ဖြစ်သည်။

ကြေးမုံ The Mirror

၃၀-၅-၂၀၀၅
(တနင်္လာနေ့)

ပြည်သူ့သဘောထား

★ ပြည်ပအားကိုးပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
★ နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့်နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
★ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
★ ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

မြန်မာ-ဗီယက်နမ် သံတမန်ဆက်သွယ်မှု နှစ်(၃၀)ပြည့်မြောက် ချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်မှု တိုးတက်ဖြစ်ထွန်း

ပြည်ထောင်စု မြန်မာနိုင်ငံတော်နှင့် ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံတို့၏ သံတမန်ဆက်သွယ်မှုသည် ၂၀၀၅ခုနှစ် မေလ ၂၈ရက်နေ့တွင် နှစ်(၃၀)ပြည့်မြောက်ခဲ့ပြီဖြစ်သည်။

မြန်မာနှင့် ဗီယက်နမ် နှစ်နိုင်ငံ သံတမန်ဆက်သွယ်မှု နှစ်(၃၀)ပြည့်မြောက်သည့် နှစ်ပတ်လည်အခါသမယတွင် နှစ်နိုင်ငံ နိုင်ငံတော်အကြီးအကဲများ၊ အစိုးရအဖွဲ့အကြီးအကဲများနှင့် နိုင်ငံခြားရေးဝန်ကြီးများအကြား သဝဏ်လွှာများကို အပြန်အလှန်ပေးပို့ခဲ့ကြသည်။

ပြည်ထောင်စု မြန်မာနိုင်ငံတော်-နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေထံမှ ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ သမ္မတ မစ္စတာထရန်ဒွတ်လွန်ထံသို့ ပေးပို့သည့်သဝဏ်လွှာတွင်-

"ပြည်ထောင်စု မြန်မာနိုင်ငံတော်နှင့် ဗီယက်နမ် ဆိုရှယ်လစ်သမ္မတ နိုင်ငံတို့သည် ၁၉၇၅ခုနှစ် သံတမန်ဆက်သွယ်မှု စတင်ခဲ့ပြီးနောက်ပိုင်း နှစ်နိုင်ငံအကြား မိတ်ဆွေရင်းချာ ချစ်ကြည်ရင်းနှီးမှုကို အစဉ်အလာမပျက် ထိန်းသိမ်းခဲ့ကြပါသည်။ ယင်းသို့ နှစ်ပေါင်း(၃၀)ကြာ ရင်းနှီးခင်မင်မှုနှင့် ပူးပေါင်းဆောင်ရွက်မှုများသည် အချိန်ကာလကြာမြင့်လာသည်နှင့်အမျှ နှစ်နိုင်ငံဆက်ဆံရေးအား ပိုမိုခိုင်မာတိုးတက်စေခဲ့ပါသည်" ဟူ၍ ဖော်ပြပါရှိသည်။

ဗီယက်နမ် ဆိုရှယ်လစ်သမ္မတနိုင်ငံသမ္မတ မစ္စတာ ထရန်ဒွတ်လွန်ထံမှ ပြည်ထောင်စု မြန်မာနိုင်ငံတော်-နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေထံသို့ ပေးပို့သည့် သဝဏ်လွှာတွင်-

"မြန်မာနိုင်ငံနှင့် ဗီယက်နမ်နိုင်ငံတို့အကြား အစဉ်အလာအရ တည်ရှိခဲ့သည့် ဆက်ဆံရေးနှင့် ပူးပေါင်းဆောင်ရွက်မှုများသည် လွန်ခဲ့သည့် နှစ်(၃၀)ကာလအတွင်းတွင် ပိုမိုဖွံ့ဖြိုးတိုးတက်လာခဲ့ပြီး နှစ်နိုင်ငံချင်း၊ ဒေသတွင်းနှင့် နိုင်ငံတကာမျက်နှာစာတွင် ပူးပေါင်းဆောင်ရွက်မှုများဖြင့် နှစ်နိုင်ငံချစ်ကြည်မှု ပိုမိုခိုင်မာအောင် ဆောင်ရွက်နိုင်ခဲ့သည်ကို တွေ့ရှိရသည့်အတွက် များစွာဝမ်းမြောက်မိပါသည်" ဟူ၍ ဖော်ပြပါရှိသည်။

မြန်မာနိုင်ငံနှင့် ဗီယက်နမ်နိုင်ငံတို့သည် အရှေ့တောင်အာရှနိုင်ငံများအသင်း(အာဆီယံ)အဖွဲ့ဝင်နိုင်ငံများ ဖြစ်ကြသည်နှင့်အညီ ဒေသတွင်း ငြိမ်းချမ်းရေး၊ လုံခြုံရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးအတွက် အတူတကွ တက်တက်ကြွကြွ ပူးပေါင်းဆောင်ရွက်လျက် ရှိနေကြသည်။

ထို့ပြင် နှစ်နိုင်ငံခေါင်းဆောင်များ အပြန်အလှန် ချစ်ကြည်ရေးခရီးများ လည်ပတ်ကြခြင်းဖြင့် နှစ်နိုင်ငံအကြား အထူးကောင်းမွန်သည့် နှစ်နိုင်ငံဆက်ဆံရေးကို တိုးမြှင့်ထူထောင်နိုင်ခဲ့ကြသည်။

ယင်းကဲ့သို့ နှစ်နိုင်ငံ ချစ်ကြည်ရေးနှင့် ပူးပေါင်းဆောင်ရွက်မှုများကို ပိုမိုတိုးမြှင့်ထူထောင်နိုင်သည်နှင့်အမျှ နှစ်နိုင်ငံပြည်သူများ အကျိုးစီးပွားအတွက်လည်းကောင်း၊ အရှေ့တောင် အာရှဒေသအတွင်းနှင့် ကမ္ဘာနှင့်အဝန်း ငြိမ်းချမ်းတည်ငြိမ်သာယာဝပြောရေးအတွက်လည်းကောင်း များစွာအကျိုးပြုလျက်ရှိနေပေသည်။

မြန်မာနှင့်ဗီယက်နမ် နှစ်နိုင်ငံ သံတမန်ဆက်သွယ်ခဲ့သည့် နှစ်ပေါင်း(၃၀)ကာလအတွင်း နှစ်နိုင်ငံစလုံးအနေဖြင့် အခက်အခဲများနှင့် စိန်ခေါ်မှုများကို ကျော်လွှားနိုင်ရန်အတွက်လည်းကောင်း၊ ဒေသတွင်းရှိ နိုင်ငံများနှင့် စီးပွားရေးနှင့် လူမှုရေးကွာဟချက်များကို နည်းပါးစေရန်ရည်သန်၍ နှစ်နိုင်ငံဖွံ့ဖြိုးတိုးတက်စေရန်အတွက်လည်းကောင်း အတူတကွနီးကပ်စွာ ပူးပေါင်းဆောင်ရွက်ခဲ့ကြသည်။

နှစ်နိုင်ငံအကြား စိုက်ပျိုးရေး၊ ငါး၊ ပုစွန်မွေးမြူရေးလုပ်ငန်း၊ သစ်တောထိန်းသိမ်းရေး၊ ဆေးဝါးထုတ်လုပ်ရေး၊ သတင်းအချက်အလက်နည်းပညာ စသည့်ကဏ္ဍများတွင် ပူးပေါင်းဆောင်ရွက်လျက်ရှိနေသည်။

သို့ဖြစ်ရာ မြန်မာနှင့် ဗီယက်နမ် သံတမန်ဆက်သွယ်မှု နှစ်(၃၀)ပြည့်မြောက်သည့်ယနေ့ကာလတွင် နှစ်နိုင်ငံအကြား ရှိရင်းစွဲ ချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်မှုတို့ တိုးတက်ဖြစ်ထွန်းလျက်ရှိပြီး စီးပွားရေး၊ ယဉ်ကျေးမှုနှင့် လူမှုရေးကဏ္ဍ အသီးသီး၌ ပိုမိုမြှင့်တင်ဖော်ဆောင်နိုင်လျက်ရှိကြောင်း ရေးသားလိုက်ရပါသည်။ ။

ဗဟိုအလုပ်အမှုဆောင် ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်သန်းငွေး ရွှေတောင်မြို့နယ် အခြေခံပညာအထက်တန်းကျောင်းခွဲဖွင့်ပွဲနှင့် ဝါးလည်ကျေးရွာ လက်နှိပ်တုံကင် ရေတွင်းဖွင့်ပွဲ တက်ရောက်

ရန်ကုန် မေ ၂၉

ပဲခူးတိုင်း(အနောက်) ရွှေတောင်မြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းနှင့် ပညာရေးဝန်ကြီးဌာနတို့ ပူးပေါင်း၍ ကျွဲတလင်းကျေးရွာအုပ်စု၊ အခြေခံပညာအထက်တန်းကျောင်းခွဲဖွင့်ပွဲနှင့် နွေရာသီသင်တန်းများဆင်းပွဲ၊ စုပေါင်းအဆိုပြုလွှာပေးအပ်ပွဲအခမ်းအနားများကို ယမန်နေ့နံနက်က အဆိုပါကျောင်း၌ကျင်းပရာ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအလုပ်အမှုဆောင်၊ စွမ်းအင်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်သန်းငွေးတက်ရောက်ဖွင့်လှစ်၍ အမှာစကားပြောကြားသည်။

အမှာစကားပြောကြား

ထို့နောက် တိုင်းပညာရေးမှူးနှင့် ရွှေတောင်မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌတို့က အမှာစကား ပြောကြား၍ ကျောင်းဖွင့်ပွဲ အထိမ်းအမှတ်အလံများ ပေးအပ်ခြင်း၊ နွေရာသီအခြေခံနှင့် အဆင့်မြင့် ကွန်ပျူတာ သင်တန်းဆင်း အောင်လက်မှတ်များ ပေးအပ်ခြင်းများကို ပြုလုပ်ပြီး ရွှေတောင်မြို့နယ် နယ်မြေအမှတ်(၃)ရှိ ကျေးရွာအုပ်စု ၁၁ စုမှ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင် အဆိုပြုလွှာပေါင်း ၇၃၀၆စောင်ကို ဦးသန်းဦးနှင့် ဦးမောင်မောင်တို့က ပေးအပ်ရာ ဗဟိုအလုပ်အမှုဆောင်က လက်ခံရယူသည်။

ယင်းနောက်ဗဟိုအလုပ်အမှုဆောင်သည် ကျောင်း၏လုပ်ငန်းအသီးသီးတွင် အသုံးပြုရန်အလှူငွေများကိုပေးအပ်လှူဒါန်းသည်။

တုံကင်ရေတွင်းဖွင့်ပွဲ

ဆက်လက်၍ ဗဟိုအလုပ်အမှုဆောင်သည်သဲကုန်းမြို့နယ်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းကကြီးမှူးကျင်းပသော ရပ်သာကျေးရွာအုပ်စု၊ ဝါးလည်ကျေးရွာ လက်နှိပ်တုံကင် ရေတွင်းဖွင့်ပွဲနှင့် အသင်းဝင်အဆိုပြုလွှာ ပေးအပ်ပွဲ အခမ်းအနားသို့ တက်ရောက်သည်။

အစီအစဉ်အရ ဗဟိုအလုပ်အမှုဆောင်နှင့် သဲကုန်းမြို့နယ် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌတို့က လက်နှိပ်တုံကင် ရေတွင်းကို ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြပြီး အမှာစကား ပြောကြားကြသည်။

ယင်းနောက် ဝါးလည်ကျေးရွာ၊ စပါယ်ကျေးရွာ၊ ကြို့ကုန်းကျေးရွာ၊ ရပ်သာကျေးရွာများမှ အသင်းဝင် အဆိုပြုလွှာ ၃၀၀၀ကို အသင်းဝင်တစ်ဦးက ပေးအပ်ရာ ဗဟိုအလုပ်အမှုဆောင်က လက်ခံရယူပြီး ကျေးရွာဖွံ့ဖြိုးရေး လုပ်ငန်းများတွင် အသုံးပြုရန် အလှူငွေများပေးအပ်ခဲ့သည်။

(သတင်းစဉ်)

လက်ခံရယူ

ပဲခူးတိုင်း (အနောက်ပိုင်း) ရွှေတောင်မြို့နယ်၊ နယ်မြေအမှတ်(၃)ရှိ ကျေးရွာအုပ်စု ၁၁စု မှ အသင်းဝင် အဆိုပြုလွှာ ၇၃၀၆ စောင်ကို ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအလုပ်အမှုဆောင် စွမ်းအင်ဝန်ကြီးဌာန ဒုတိယ ဝန်ကြီး ဗိုလ်မှူးချုပ် သန်းငွေး လက်ခံရယူစဉ်။

(စွမ်းအင်)

တရားစီရင်ရေးဆိုင်ရာ လုပ်ငန်းညှိနှိုင်းစည်းဝေး

ရန်ကုန် မေ ၂၉

မွန်ပြည်နယ်အတွင်းရှိ ပြည်နယ်တရားရုံး၊ ခရိုင်တရားရုံး၊ မြို့နယ်တရားရုံးများ၏ တရားစီရင်ရေးဆိုင်ရာ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို မေ ၁၄ရက် နံနက်၁၀နာရီတွင် မွန်ပြည်နယ်တရားရုံ အစည်းအဝေးခန်းမ၌ကျင်းပသည်။

အစည်းအဝေးတွင် ပြည်နယ်တရားသူကြီးဦးလှဝင်းက နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်သြဝါဒများကိုလည်းကောင်း၊ တရားစီရင်ရေးဆိုင်ရာ အထူးမွမ်းမံသင်တန်းဖွင့်ပွဲအခမ်းအနားများတွင် တရားသူကြီးချုပ်၏ မှာကြားချက်များကိုလည်းကောင်း ရှင်းလင်းပြောကြားသည်။

ထို့နောက် မွန်ပြည်နယ်အတွင်းရှိ ခရိုင်နှင့် မြို့နယ်တရားရုံးတစ်ရုံးချင်း၊ တရားသူကြီး တစ်ဦးချင်းအလိုက် အမှုလက်ကျန်များ လျော့နည်းကျဆင်းရေး၊ အမှုများစစ်ဆေးရာတွင် ဥပဒေ လုပ်ထုံးလုပ်နည်း ညွှန်ကြားချက်များနှင့်အညီ တိကျစွာလိုက်နာဆောင်ရွက်ရေး၊ ပြစ်မှုနှင့်လျော်ညီသော ပြစ်ဒဏ်ချမှတ်ရေး၊ သက်သေခံပစ္စည်း စီမံခန့်ခွဲရာတွင် လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆောင်ရွက်ရေး၊ ဝန်ထမ်းဆိုင်ရာ စီမံခန့်ခွဲရေး ကိစ္စများနှင့်ပတ်သက်၍ ညှိနှိုင်းဆွေးနွေးကြသည်။ (သတင်းစဉ်)

✧ **ရှေ့ဖုံးမှ**

ခန်းမအတွင်း ပြသထားရှိသည့် အဆောက်အအုံ၊ရေပေးဝေရေး၊ မြေအောက်ရေရရှိရေး၊ဆည်မြောင်း၊ စိုက်ပျိုးရေးလုပ်ငန်းသုံးနှင့် အထွေထွေသုံး UPVC ပိုက်များ၊ H.D.P.E ပိုက်များ၊ပိုက်ဆက်ပစ္စည်းများ၊ပလတ်စတစ်ကုန်ကြမ်းကော်စေ့အမျိုးမျိုးနှင့် ကြက်မွေးမြူရေးလုပ်ငန်းသုံး အစာခွက်များကိုလည်းကောင်း၊ စက်ရုံများအတွင်း ခေတ်မီစက်ကိရိယာများဖြင့် ပိုက်နှင့်ပိုက်ဆက်ပစ္စည်းများ ထုတ်လုပ်နေမှုကို လည်းကောင်း၊ ထုတ်လုပ်ပြီး UPVC ပိုက်များအား ထုပ်ပိုးနိုင်ရေး ပြင်ဆင်ထားရှိမှုကို လည်းကောင်း လိုက်လံကြည့်ရှုစစ်ဆေးရာ စက်ရုံနည်းပညာပိုင်းဆိုင်ရာအကြံပေး Mr. Alistar Chaung နှင့် တာဝန်ရှိသူများက လိုက်လံရှင်းလင်း ပြသကြသည်။

ထို့နောက် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေက တင်ပြချက်များနှင့်ပတ်သက်၍ လိုအပ်သည်များ ပံ့ပိုးဖြည့်ဆည်းပေးသည်။

ပုလဲအထည်ချုပ်စက်ရုံ

ဆက်လက်၍ တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေနှင့် အဖွဲ့ဝင်များသည် ဇုန်(၃) ဗန်းမော်အတွင်းဝန်လမ်းရှိ ပုလဲအထည်ချုပ်စက်ရုံသို့ ရောက်ရှိလာပြီး စက်ရုံအတွင်း ဂျာကင်များ၊ အမျိုးသားနှင့်အမျိုးသမီးဝတ် အထည်များ ချုပ်လုပ်နေမှုများကို ကြည့်ရှုအားပေးရာ စက်ရုံမန်နေဂျာ ဒေါ်လှလှသိန်းနှင့် တာဝန်ရှိသူများက လိုက်လံရှင်းလင်းပြသကြသည်။

ယင်းနောက် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေက အဝတ်အထည်သည် ပြည်သူလူထု၏ အခြေခံလူသုံးကုန် ပစ္စည်းတစ်ခုဖြစ်၍ အရည်အသွေးစံချိန်စံညွှန်းမီစွာဖြင့် အရေအတွက် ပိုမိုထုတ်လုပ်ဖြန့်ဖြူးနိုင်ရေး စီမံဆောင်ရွက်သွားကြရန် မှာကြားသည်။

ပေါ်ပြူလာ အထည်ချုပ်စက်ရုံ

ထို့နောက် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေနှင့် အဖွဲ့ဝင်များသည် ပေါ်ပြူလာ အထည်ချုပ်စက်ရုံသို့ ရောက်ရှိလာပြီး စက်ရုံအတွင်း တီရှပ်၊စပို့ရှပ်၊ဂျာကင်နှင့် အဝတ်အထည်အမျိုးမျိုးချုပ်လုပ်နေမှုများကို ကြည့်ရှုအားပေးရာ မန်နေဂျင်းဒါရိုက်တာ ဦးလှဝင်းနှင့် တာဝန်ရှိသူများက လိုက်လံရှင်းလင်းပြသကြသည်။

ယင်းနောက် တိုင်းမှူးဗိုလ်ချုပ်မြင့်ဆွေက လုပ်ငန်းများ ပိုမိုတိုးချဲ့ဆောင်ရွက်ရေးနှင့် အရည်အသွေး ပိုမိုကောင်းမွန်ရေး မှာကြားပြီး လိုအပ်သည်များ ပံ့ပိုးဖြည့်ဆည်းပေးသည်။

ရန်ကုန်တိုင်းအနေဖြင့် နိုင်ငံတော်၏ စက်မှုကဏ္ဍထုတ်လုပ်မှု မြင့်မားစေရေးအတွက် စက်မှုဇုန်ကြီးများ တည်ထောင်၍ အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိရာ ယခု လှိုင်သာယာစက်မှုဇုန်ကြီးကို ၁၉၉၅ ခုနှစ်တွင် မြေ ၁၃၉၈ဧကေပေါ်၌ စတင်တည်ထောင်ခဲ့ခြင်းဖြစ်ပြီး ဇုန်(၁)မှ (၇)အထိ စုစုပေါင်း ဇုန်ခုနစ်ခုရှိသည်။ လှိုင်သာယာစက်မှုဇုန်ကြီးအတွင်း စက်ရုံပေါင်း ၄၂၈ရုံရှိပြီး ငွေကျပ်သန်းပေါင်း ၅၇၅၉၃ ဒသမ ၂၃၅သန်း ရင်းနှီးမြှုပ်နှံ ဆောင်ရွက်လျက်ရှိသည်။ (သတင်းစဉ်)



✻ **ရောဝတီတိုင်းမှ**

ရောဝတီတိုင်း စစ်မှုထမ်းဟောင်းကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီး သိန်းလှိုင်က လက်ခံရယူပြီး အခမ်းအနား ပထမပိုင်းအစီအစဉ်ကို ခေတ္တရပ်နားသည်။

ဒုတိယပိုင်း

ထို့နောက် အကြိုညီလာခံ ဒုတိယပိုင်းကို ဆက်လက်ကျင်းပရာ သဘာပတိအဖြစ် ရောဝတီတိုင်း စစ်မှုထမ်းဟောင်းကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးသိန်းလှိုင်က ဆောင်ရွက်၍ သဘာပတိ အဖွဲ့ဝင်များအဖြစ် ဒုတိယဗိုလ်မှူးကြီးခင်မောင်အေး(ငြိမ်း)၊ ဒုတိယဗိုလ်မှူးကြီးလှခင်(ငြိမ်း)၊ ဗိုလ်မှူးတင်ဖေအေး(ငြိမ်း)နှင့် ဗိုလ်ကြီးစိန်မောင်(ငြိမ်း)တို့က ဆောင်ရွက်ကြသည်။

အမှာစကားပြောကြား

ရှေးဦးစွာ သဘာပတိ ဒုတိယဗိုလ်မှူးကြီး သိန်းလှိုင်က အဖွင့်အမှာစကား ပြောကြားသည်။

ထို့နောက် ရောဝတီတိုင်း စစ်မှုထမ်းဟောင်းအဖွဲ့ အကြိုညီလာခံ(၂၀၀၅)သို့ တင်သွင်းသည့် အစီရင်ခံစာကို ဗိုလ်ကြီးဝင်းမြင့်(ငြိမ်း)၊ ဗိုလ်ကြီးမောင်ဩ(ငြိမ်း)၊ ဗိုလ်ကြီးထွန်းရီ(ငြိမ်း)တို့က တင်ပြကြသည်။

ဆွေးနွေးတင်ပြ

ဆက်လက်၍ ရောဝတီတိုင်း စစ်မှုထမ်းဟောင်းအဖွဲ့ အကြိုညီလာခံ(၂၀၀၅)သို့ တင်သွင်းသည့် အစီရင်ခံစာပါ လုပ်ငန်းကဏ္ဍကြီးငါးရပ်ကို ဆွေးနွေးတင်ပြကြရာ မအူပင်ခရိုင်မှ ဗိုလ်ကြီးချိုအေး(ငြိမ်း)က "အမျိုးသားနိုင်ငံရေးကဏ္ဍ"ကို လည်းကောင်း၊ ဟင်္သာတခရိုင်မှ ဗိုလ်မှူးမျိုးသိန်း(ငြိမ်း)က "နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးကဏ္ဍ"ကိုလည်းကောင်း၊ ဖျာပုံခရိုင်မှ ဗိုလ်ကြီးသက်ပိုင်(ငြိမ်း)က "စီးပွားရေးရာကဏ္ဍ"ကိုလည်းကောင်း၊ မြောင်းမြခရိုင်မှ ဒုတိယဗိုလ်မှူးကြီး နေဝင်း(ငြိမ်း)က"လူမှုရေးနှင့် သက်သာချောင်ချိရေးကဏ္ဍ"ကို လည်းကောင်း၊ ပုသိမ်ခရိုင်မှ ဗိုလ်ကြီးထိန်နန်း(ငြိမ်း)က "ပြည်သူ့အကျိုးပြု လုပ်ငန်းကဏ္ဍ"ကို လည်းကောင်း အသီးသီး ဆွေးနွေးတင်ပြကြသည်။

အမှာစကားပြောကြား

ရောဝတီတိုင်း စစ်မှုထမ်းဟောင်းအဖွဲ့နာယက၊ ရောဝတီတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ အနောက်တောင်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်သူရမြင့်အောင် ရောဝတီတိုင်း စစ်မှုထမ်းဟောင်းအဖွဲ့ အကြိုညီလာခံ(၂၀၀၅)တွင် အမှာစကားပြောကြားသည်။ (သတင်းစဉ်)

အတည်ပြု

ထို့နောက် ရောဝတီတိုင်း စစ်မှုထမ်းဟောင်းအဖွဲ့ အကြိုညီလာခံ(၂၀၀၅)က ချမှတ်မည့် ရှေ့လုပ်ငန်းစဉ် ငါးရပ်နှင့် ဆုံးဖြတ်ချက်များကို သဘာပတိက အကြိုညီလာခံသို့ တက်ရောက်လာကြသော ကိုယ်စားလှယ်များ၏ သဘောတူညီချက်ရယူကာ အတည်ပြုသည်။

ဆက်လက်၍ အခမ်းအနားမှူးက ရောဝတီတိုင်း စစ်မှုထမ်းဟောင်းအဖွဲ့ အကြိုညီလာခံ(၂၀၀၅)က ချမှတ်သည့် ဆုံးဖြတ်ချက်(၂)ရပ်၊ အတည်ပြုခြင်း(၁)ရပ်၊ မှတ်တမ်းတင်ခြင်း(၃)ရပ်တို့ကို ကြေညာသည်။

ထို့နောက် သဘာပတိက နိဂုံးချုပ်အမှာစကားပြောကြားပြီး ကြွေးကြော်သံများဖြင့် အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။ (သတင်းစဉ်)

ကျောက်တံတားမြို့နယ် မြို့နယ်လုံးကျွတ် ကျောင်းအပ်နှံရေးနေ့ အခမ်းအနားကျင်းပ

ရန်ကုန် မေ ၂၉

ကျောက်တံတားမြို့နယ် မြို့နယ်လုံးကျွတ် ကျောင်းနေအရွယ်ကလေး ကျောင်းအပ်နှံရေးနေ့ အခမ်းအနားကို ယနေ့နံနက် ၉နာရီတွင် ကျောက်တံတားမြို့နယ် အခြေခံပညာ အထက်တန်းကျောင်း၌ကျင်းပရာ ကျောင်းနေအရွယ်ကလေးအားလုံး ကျောင်းနေရေး ဗဟိုကော်မတီဝင်၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအလုပ်အမှုဆောင် (ရန်ကုန်တိုင်းတာဝန်ခံ) ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ ဒုတိယဥက္ကဋ္ဌ၊ ဒုတိယမြို့တော်ဝန် ဗိုလ်မှူးကြီးမောင်ပါ၊ အမှတ်(၃) အခြေခံပညာဦးစီးဌာန ညွှန်ကြားရေးမှူး ဦးအောင်ချိန်နှင့် အခြေခံပညာဦးစီးဌာနမှ တာဝန်ရှိသူများ၊ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ခရိုင်နှင့် မြို့နယ် ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူးများ၊ မြို့နယ်ပညာရေးမှူးနှင့် အခြေခံပညာကျောင်းများမှ ကျောင်းအုပ်ဆရာ၊ ဆရာမကြီးများ၊ လူမှုရေးအသင်းအဖွဲ့များ၊ ကျောင်းသား၊ ကျောင်းသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ ကျောက်တံတားမြို့နယ် ပညာရေးမှူး ဦးအောင်ကြည်က ကျောင်းနေအရွယ် ကလေး ကျောင်းနေရေး လုပ်ငန်းစဉ်များနှင့် ပတ်သက်၍ ဆောင်ရွက်ပြီးစီးမှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ ကျောင်းနေအရွယ်ကလေးအားလုံး ကျောင်းနေရေး ဗဟိုကော်မတီဝင် ဒုတိယမြို့တော်ဝန် ဗိုလ်မှူးကြီးမောင်ပါက အမှာစကား ပြောကြားပြီး ကျောင်းသား၊ ကျောင်းသူကလေးများအား ကျောင်းသုံးစာအုပ်၊ စာရေးကိရိယာနှင့် ကျောင်းဝတ်စုံများကို ပေးအပ်လှူဒါန်းသည်။

ထို့နောက် ကျောင်းနေအရွယ်ကလေးများ ကျောင်းနေရေးလုပ်ငန်းအတွက် ကျောင်းသုံးစာအုပ်၊ စာရေးကိရိယာ၊ကျောင်းဝတ်စုံနှင့် အလှူငွေများကို ပေးအပ်လှူဒါန်းကြရာ ကျောက်တံတား မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးရွှေမောင်နှင့် ဇနီးက ငွေကျပ်တစ်သောင်း၊ မြို့နယ်မိခင်နှင့်ကလေး စောင့်ရှောက်ရေး အသင်းက ငွေကျပ်တစ်သောင်း၊ မြို့နယ်ပညာရေးမှူး ဦးအောင်ကြည်နှင့် ဇနီးက ငွေကျပ်တစ်သောင်း၊ ကျောက်တံတားမြို့နယ် အခြေခံပညာအထက်တန်းကျောင်း ကျောင်းအုပ်ဆရာမကြီး ဒေါ်ခင်စန်းဝင်းက ငွေကျပ်တစ်သောင်း၊ ကျောက်တံတားမြို့နယ်အတွင်းရှိရပ်ကွက် ရှစ်ရပ်ကွက်တို့မှ ရပ်ကွက်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌများက ငွေကျပ်တစ်သောင်း၊ အမှတ်(၆) အခြေခံပညာ မူလတန်းကျောင်း ကျောင်းအုပ်ဆရာမကြီးက ငွေကျပ်တစ်သောင်း၊ ကျောက်တံတားမြို့နယ် အမှတ်(၈) ရပ်ကွက်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးမောင်မောင်စိုးက ငွေကျပ်တစ်သောင်းနှင့် အလှူရှင် ဦးအုန်းရွှေက မြို့နယ်အတွင်းရှိ အခြေခံပညာမူလတန်းကျောင်း ခြောက်ကျောင်းနှင့် အလယ်တန်းကျောင်း တစ်ကျောင်းအတွက် ငွေကျပ် ၇၆၀၀၀၀ တန်ဖိုးရှိ ကျောင်းသုံးဗလာစာအုပ်နှင့် ကျောင်းဝတ်စုံတို့ကို ပေးအပ်လှူဒါန်းကြပြီး ကျောင်းသား၊ ကျောင်းသူကလေးများနှင့် တာဝန်ရှိသူများက လက်ခံယူ၍ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။ (သတင်းစဉ်)

ပညာရေးဝန်ကြီးဌာန

ကျောင်းအပ်နှံရေးသီတင်းပတ်

မေလ၏ နောက်ဆုံးသီတင်းပတ်

ကျောင်းနေအရွယ်ကလေး ကျောင်းအပ်နှံရေး
ပြည်သူအားလုံး ပါဝင်ဆောင်ရွက်ပေး။

သွေးလွန်တုပ်ကွေးရောဂါ ကာကွယ် နှိမ်နင်းရေး နှိုးဆော်ချက်

၁။ မိုးရာသီအတွင်း အသက်၃နှစ်မှ ၁၄နှစ်အထိ ကလေးငယ်များတွင် သွေးလွန်တုပ်ကွေးရောဂါ ဖြစ်ပွားတတ်ပါသည်။ သွေးလွန်တုပ်ကွေးရောဂါ ဖြစ်လျှင် ရင်သွေးငယ်များ အသက်ဆုံးပါးသည်အထိဖြစ်နိုင်သဖြင့် မိမိတို့၏ ရင်သွေးများရောဂါဘယကင်းဝေးစေရန် သွေးလွန်တုပ်ကွေးရောဂါကြိုတင် ကာကွယ်ကြပါရန် နှိုးဆော်အပ်ပါသည်။

၂။ သွေးလွန်တုပ်ကွေးရောဂါသည် ရေကြည်ရေသန့်တွင် ပေါက်ပွားသောခြင်ပုန်း၊ ခြင်ကျား အကိုက်ခံရခြင်းကြောင့် ကူးစက်ပါသည်။ သို့ပါ၍ ခြင်ပုန်း၊ ခြင်ကျားမပေါက်ပွားစေရန် မိမိတို့ ရင်သွေးငယ်များခြင်ကိုက်မခံရစေရန် အောက်ပါအတိုင်းဆောင်ရွက်ကြပါရန်နှိုးဆော်အပ်ပါသည်။

<u>လိုက်နာရမည့်အချက်များ</u>

(က) ရေစည်ရေအိုးများကို လုံခြုံစွာဖုံးအုပ်ထားပါ။

(ခ) ပန်းအိုး၊ ညောင်ရေအိုးတို့မှရေကိုနေ့စဉ်လဲလှယ်ပေးပါ။

(ဂ) ရေစည်၊ ရေအိုးများရှိ ပိုးလောက်လမ်းများအား ရေစစ်ဖြင့် ခပ်ထုတ်ပစ်ပါ။

(ဃ) မိုးရေတင်နိုင်သော ဘူးခွံ၊ ပုံးခွံ၊ တာယာစုတ်၊ အိုးခြမ်းပဲ့စသည် တို့ကို ဖယ်ရှားရှင်း လင်းပါ။

(င) မိမိတို့အိမ်ရှေ့အိမ်နောက်တို့မှ ရေမြောင်းများအား ရေစီးရေလာ ကောင်းအောင်ရှင်းလင်းပါ။(လိုအပ်ပါက စည်ပင်သာယာရေးအဖွဲ့၏ အကူအညီကိုယူပါ။)

(စ) အိမ်ပတ်ဝန်းကျင်ရှိ ရေဝပ်နိုင်သောမြေနိမ့်များကိုဖို့ပါ။

(ဆ) အလင်းရောင်ရရှိရန်တံခါးများကို နေ့ခင်းပိုင်းတွင်ဖွင့်ထားပါ။

(ဇ) အိမ်တွင်း၊ အိမ်ပြင်သန့်ရှင်းအောင်ထားပါ။

(ဈ) ကလေးများနေ့လယ်အိပ်ချိန်တွင် ခြင်ထောင်ဖြင့်သိပ်ပါ။

(အင်္ကျီလက်ရှည်၊ ဘောင်းဘီရှည်၊ ထဘီ၊ ပုဆိုး စသည်တို့ကို ဝတ်ဆင်ထားပေးပါ။)

၃။ ကျန်းမာရေးဝန်ကြီးဌာနနှင့် ပူးပေါင်းပြီး ခြင်များမပေါက်ပွားစေရန် ဆေးဖျန်းခြင်း၊ အသိပညာပေးခြင်း၊ ကာကွယ်တားဆီးခြင်း လုပ်ငန်းများကို ဆောင်ရွက်ကြပါရန် တိုက်တွန်း နှိုးဆော်အပ်ပါသည်။

ကျန်းမာရေးဝန်ကြီးဌာန။

လူမျိုးရေးဆိုင်ရာ ပြဿနာများပေါ်ပေါက်ရန် ကန်အစိုးရ လှုံ့ဆော် အီရန်အစိုးရ ထိပ်တန်းတာဝန်ရှိပုဂ္ဂိုလ် ဝေဖန်ပြောကြား

တီဟီရန် မေ ၂၈

အမေရိကန်အစိုးရသည် အီရန်နိုင်ငံတွင် လူမျိုးစုငယ်များနှင့် လူမျိုးရေးပဋိပက္ခမှုများ ဖြစ်ပွားစေရန် လှုံ့ဆော်ပေးနေခြင်းဖြင့် အစိုးရအဖွဲ့ အပြောင်းအလဲဖြစ်စေရန် အားပေးအားမြှောက်ပြုလုပ်နေသည်ဟု အီရန်ထိပ်တန်း တာဝန်ရှိပုဂ္ဂိုလ်တစ်ဦးက ကြာသပတေးနေ့တွင် အပြင်းအထန်ဝေဖန်ပြောကြားကြောင်းဖြင့် အီရန်အစိုးရ အာဘော် အိုင်အင်အေ သတင်းဌာနက ဖော်ပြသည်။

အမေရိကန်အစိုးရအနေဖြင့် အီရန်လူငယ်မျိုးဆက်များအား အစ္စလမ္မစ်တော်လှန်ရေး မျှော်မှန်းချက်များနှင့် လောကနီတိများမှသွေဖည်စေရန်ကြိုးပမ်းနေပြီး အီရန်နိုင်ငံတွင် မငြိမ်မသက်ဖြစ်စေရန်နည်းမျိုးစုံသုံး၍ လှုံ့ဆော်သွေးထိုးနေကြောင်း ပြန်ကြားရေးဝန်ကြီး အလီယူနီဆီက ပြောကြားသည်။

ဖြစ်ပွား

အီရတ်ဒုတိယသမ္မတဟောင်း အလီအက်တာဟီ ဧပြီ ၁၅ရက်က ရေးသားသည်ဟု ယူဆရသော စာတစ်စောင်တွင် အီရန်နိုင်ငံ ခူဇက်စတန်ပြည်နယ် အနောက်တောင်ဒေသတွင် အာရပ်လူမျိုးများ အတင်းအဓမ္မရွှေ့ပြောင်းမှုကြောင့် ပြည်နယ်မြို့တော် အာဗက်ဇ်တွင် အဓိကရုဏ်းများ ဖြစ်ပွားခဲ့သည်ဟု ဖော်ပြထားသည်။

အီရန်အစိုးရက ယင်းစာပါအကြောင်းအရာနှင့်ပတ်သက်၍ မဟုတ်မမှန်ဟု ငြင်းဆိုပြောကြားပြီး ယင်းဖြစ်ရပ်၏ နောက်ကွယ်တွင် ပြည်ပမှ သူလျှိုအချို့ ပါဝင်နေသည်ဟု ပြောကြားခဲ့သည်။

ဝေဖန်ပြောကြား

အီရန်နိုင်ငံတွင် ဒီမိုကရေစီရေး မြှင့်တင်နိုင်ရန်အတွက် အစိုးရက အမေရိကန်ဒေါ်လာ သုံးသန်းပေးရန်လျာထားကြောင်း အမေရိကန်နိုင်ငံခြားရေးဝန်ကြီးဌာန ပြောရေးဆိုခွင့်ရှိသူ ရစ်ချတ်ဘောက်ချာက ဧပြီ ၁၁ ရက်က ပြောကြားခဲ့သည်။ အီရန်အစိုးရက ယင်းလှုပ်ရှားမှုသည် အမေရိကန်က အီရန်၏ ပြည်တွင်းရေး စွက်ဖက်မှုသာ ဖြစ်ကြောင်း ဝေဖန်ပြောကြားသည်။

အမေရိကန် ကိုယ်စားပြုသည့် အနောက်အုပ်စုအနေဖြင့် အီရန်တွင် ဖြစ်သည့် လူမျိုးရေးပြဿနာများ နိုင်ငံရေးအရအသုံးချရန် ကြိုးပမ်းလျက်ရှိပြီး အီရန်အစ္စလမ္မစ်အစိုးရ ပျက်ပြားစေရန် ပြုလုပ်နေသည်ဟု ယူနီဆီက ပြောကြားသည်။

အီရန်အား စစ်ဆင်နွှဲတိုက်ခိုက်မှုကြောင့် အမေရိကန်၏ပစ်မှတ် လွဲစေနိုင်ပြီး အမေရိကန် တပ်ဖွဲ့ဝင်များအတွက် သချိုင်းသာ ဖြစ်သွားနိုင်ကြောင်း ၎င်းကသတိပေးလိုက်သည်။

အမေရိကန်အစိုးရအနေဖြင့် အီရန်နိုင်ငံအား ရန်လိုပြီး ကျူးကျော်တိုက်ခိုက်လိုသည့် အစီအစဉ်များ ချမှတ်ခြင်းဖြင့် အရှေ့အလယ်ပိုင်းဒေသအား ဆုပ်ကိုင်ထားမှုကို ခိုင်မာစေသည့် လမ်းစဉ်လိုက်နေခြင်းသာ ဖြစ်ကြောင်း အီရန်ပြန်ကြားရေးဝန်ကြီးက ပြောကြားသည်။

အမ်အင်အေ၊ဆင်ဟွာ။

အီရတ်နိုင်ငံ ဘာကူဘာမြို့တောင်ဘက် ဘာရစ်မြို့တွင် ခုခံရေးသမားများ၏ ပစ်ချခြင်းခံလိုက်ရသော အမေရိကန်ရဟတ်ယာဉ် တစ်စင်း၏ အပျက်အစီးများအား ထရပ်ကားများဖြင့် မေ ၂၇ ရက်က သယ်ဆောင်စဉ်။
(ဓာတ်ပုံ-အင်တာနက်)

အမေရိကန်ထောက်လှမ်းရေး အစီရင်ခံစာ မှန်ကန်မှုမရှိဟု နိုင်ဂျီးရီးယားအမတ်များ ရှုတ်ချပြောကြား

အဘူဂျာ မေ ၂၈

နိုင်ဂျီးရီးယားနိုင်ငံနှင့် စပ်လျဉ်းသည့် အမေရိကန်ထောက်လှမ်းရေး အစီရင်ခံစာသည် မှန်ကန်မှုမရှိဟု နိုင်ဂျီးရီးယား အထက်လွှတ်တော်အမတ်များက ကြာသပတေးနေ့တွင် ရှုတ်ချပြောကြားလိုက်သည်။

နိုင်ဂျီးရီးယားနိုင်ငံသည် လာမည့် ၁၅နှစ်အတွင်း ပျက်စီးနိုင်သည်ဟု ဟောကိန်းထုတ်ထားသည့် ယင်းအစီရင်ခံစာကြောင့် သမ္မတအိုဘာဆန်ဂျိုက အထက်လွှတ်တော်တွင် လွန်ခဲ့သော ရက်သတ္တပတ်က ပြောကြားခဲ့သည်။

မိမိတို့နိုင်ငံသည် အမှိုက်ထည့်သည့်ခြင်းတောင်းမဟုတ်သကဲ့သို့ မိမိတို့သည် ၄က်ပျော့ခွံပေါ် လမ်းလျှောက်နေသူများမဟုတ်ကြောင်း၊ ၂၁ ရာစု၏ ပထမဆယ်စုနှစ် အချိန်အခါတွင် မိမိတို့ပြသရန် ဆုံးဖြတ်ချက်ချမှတ်ထားရမည်ဖြစ်ကြောင်း ၎င်းက ပြောကြားသည်။

အထက်လွှတ်တော် အမတ်များက နိုင်ဂျီးရီးယား ပြည်သူလူထုအား ကြောက်ရွံ့မှုမရှိကြရန် တိုက်တွန်းလိုက်ပြီး နိုင်ဂျီးရီးယားနိုင်ငံသည် လာမည့် ၁၅နှစ်အတွင်း ပြဿနာများမှ ကျော်လွှားနိုင်ကြောင်းကိုလည်း ပြောကြားရင်းဖြင့် အမေရိကန်ထောက်လှမ်းရေး အစီရင်ခံစာအား ရှုတ်ချကြသည်။

ဟောကိန်းထုတ်

အမေရိကန်အစိုးရအနေဖြင့် နိုင်ဂျီးရီးယားနိုင်ငံ၏အရေးအား ဟောကိန်းထုတ်နေခြင်းထက် နိုင်ဂျီးရီးယားနိုင်ငံ၏ ဒီမိုကရေစီတန်ဖိုးများ မြှင့်တင်ပြီး ကြွေးမြီများလျှော်ပစ်ရန် ကူညီသင့်ကြောင်း အထက်လွှတ်တော် ဒုတိယဥက္ကဋ္ဌ အီဘာရာဟင်မန်တူက ပြောကြားသည်။

နိုင်ဂျီးရီးယားနိုင်ငံမှ ခေါင်းဆောင်များသည် သဘောထားကွဲလွဲမှုကြောင့် ၁၅နှစ် အတွင်း ပြိုကွဲသွားနိုင်ကြောင်း အမေရိကန် အမျိုးသားထောက်လှမ်းရေး အစီရင်ခံစာတွင် ဖော်ပြထားသည်။

အမ်အင်အေ၊ဆင်ဟွာ။

ကနေဒါတွင် မိုးသည်းထန်စွာ ရွာသွန်း အရေးပေါ်အခြေအနေ ကြေညာ

အော်တဝါ မေ ၂၈

ကနေဒါနိုင်ငံ၏ အရှေ့ဘက်ပြည်နယ်တစ်ခုဖြစ်သော နော်ဗာစကောရှာဒေသတွင် မိုးအလွန်သည်းထန်စွာ ရွာသွန်းခဲ့သည့်အတွက် သက်ဆိုင်ရာ အာဏာပိုင်များမှ ထိုဒေသကို အရေးပေါ်အခြေအနေ ကြုံနေရသော ဒေသအဖြစ် သတ်မှတ်ကာ ကြေညာခဲ့ရကြောင်း သတင်းများထွက်ပေါ်လာသည်။

ထပ်မံရွာသွန်း

ပြီးခဲ့သော သီတင်းပတ်ကုန်က အဆိုပါဒေသတွင် မိုးရေချိန် ၁၆၀ မီလီမီတာအထိ အားကြီးသော မိုးများ ရွာသွန်းခဲ့သည်။ မိုးအားကြီးလှသဖြင့် ပြည်နယ်မြို့တော် ဟာလီဖက်၏ အနောက်တောင်ဘက် ကီလိုမီတာ ၉၀ အကွာရှိ လူနင်ဘင်အရပ်တွင် အိမ်ခြေ ၆၀ ကျော်တို့မှ လူများကို ဘေးလွတ်ရာနေရာသို့ ရွှေ့ပြောင်းပေးခဲ့ရသည်။ ယခုသီတင်းပတ် မေ ၂၅ ရက်ရောက်သည့်အချိန်အထိ မိုးမှာမစဲသေးဘဲ နောက်ထပ် မိုးရေချိန် မီလီမီတာ ၄၀ ထပ်မံရွာသွန်းခဲ့ကြောင်း သိရသည်။

အပျက်အစီး

မိုးကြီးသည့်အတွက် ပျက်စီးသွားခဲ့ရသော လမ်းတံတားများ၏ တန်ဖိုးမှာ အမေရိကန်ဒေါ်လာ ရှစ်သိန်းကျော်အထိ ရှိနိုင်ကြောင်း သက်ဆိုင်ရာတာဝန်ရှိသူများက ခန့်မှန်းကြသည်။ အပျက်အစီးတန်ဖိုး များပြားသောကြောင့် အော်တဝါ ကနေဒါ ဗဟိုအစိုးရထံမှ အရေးပေါ် အကူအညီရယူရမည့် အခြေအနေရှိသည်ဟု ဆိုသည်။

အမ်အင်အေ၊ဆင်ဟွာ။

အီရတ်တွင် အရပ်သားများတိုက်ခိုက်ခံရမှု တူရကီ နိုင်ငံခြားရေးဝန်ကြီးဌာန ရှုတ်ချ

အင်ကာရာ မေ ၂၈

အီရတ်နိုင်ငံတွင်ဖြစ်ပွားနေသော အရပ်သားများအား ပစ်မှတ်ထားကာ တိုက်ခိုက်နေသည့် လုပ်ရပ်အားလုံးကို ရှုတ်ချကြောင်း တူရကီနိုင်ငံခြားရေးဝန်ကြီးဌာနက ထုတ်ပြန်ကြေညာခဲ့သည်။

အီရတ်နိုင်ငံ၏ ဒေသအနှံ့အပြား၌ ပြုလုပ်နေသည့် တိုက်ခိုက်မှုများ၊ အကြမ်းဖက်သည့် အပြုအမူနှင့် လူသတ်မှုအားလုံးတို့ကို တူရကီအစိုးရက ပြင်းပြင်းထန်ထန် ဆန့်ကျင်ရှုတ်ချသည်။ တိုက်ခိုက်မှုများအတွင်း သေဆုံးသူများအတွက် ဝမ်းနည်းကြောင်း ကျန်ရစ်သူမိသားစုများသို့ တူရကီအစိုးရက အကြောင်းကြားလိုက်ကြောင်း ကြေညာချက်တွင်ဖော်ပြထားသည်။

ထိခိုက်ဒဏ်ရာရသူများကို ပြုစုကုသပေးရေးလုပ်ငန်းတွင်လည်း မိမိတို့အစိုးရအနေဖြင့် ပါဝင်ပူးပေါင်းကာ ဆောင်ရွက်ပေးရန်အသင့်ရှိကြောင်း အဆိုပါကြေညာချက်တွင် ထည့်သွင်းဖော်ပြထားသည်။ ***အမ်အင်အေ၊ဆင်ဟွာ။***

အီရတ်နိုင်ငံ ဘဂ္ဂဒက်မြို့မြောက်ဘက် တီကရစ်မြို့တွင် ရဲကားတစ်စီး ကားဗုံးခွဲတိုက်ခိုက်ခံရပြီး မီးလောင်နေသည်ကို မေ ၂၇ ရက်က တွေ့ရစဉ်။
(ဓာတ်ပုံ-အင်တာနက်)

မြစ်ဝါမြစ်၏ ရေထုငါးပုံလေးပုံ ရေထုညစ်ညမ်း ရေအရည်အသွေး နှစ်ကာလအလိုက် နိမ့်ကျလာခဲ့

ပေကျင်း မေ ၂၈

တရုတ်ပြည်ရှိ မြစ်ဝါမြစ်၏ ရေထုငါးပုံလေးပုံသည် ညစ်ညမ်းလျက်ရှိနေကြောင်း တရုတ်သတင်းဌာနက မြစ်ဝါမြစ် ထိန်းသိမ်းစောင့်ရှောက်မှုကော်မတီ တာဝန်ရှိသူများ၏ ပြောကြားချက်ကို ကိုးကား၍ အင်္ဂါနေ့က သတင်းဖော်ပြသည်။

မြစ်ဝါမြစ် ရေအရည်အသွေးကို ၁၉၇၅ခုနှစ်ကစတင်၍ လေ့လာကြည့်ရှုခဲ့ရာ မြစ်လက်တက်မှ ရေအရည်အသွေးသည် သောက်ရေအဆင့် သတ်မှတ်ချက်ဖြစ်သည့် အမှတ်(၃) အမျိုးအစားရေ၌ ပေါက်ရောက်နေထိုင်သည့် ရေသတ္တဝါမွေးမြူမှု၊ ငါးမွေးမြူမှုနှင့် ရေကူးနိုင်သည့်အဆင့်ထက် ပိုမိုကောင်းမွန်နေခဲ့ကြောင်း၊ ၁၉၈၀ပြည့်နှစ်အတွင်း မြစ်ဝါမြစ် စုစုပေါင်း အလျား၏ ၆၀ ရာခိုင်နှုန်းသော နေရာအတွင်းမှ ရေအမျိုးအစားတွင် ယင်းကဲ့သို့သော အခြေအနေရှိခဲ့ကြောင်း၊ သို့ရာတွင် ၁၉၉၀ပြည့်နှစ်များတွင် ၆၀ ရာခိုင်နှုန်းမှ ၄၀ ရာခိုင်နှုန်းအထိ နိမ့်ကျသွားကြောင်း သတင်းဌာနက ဖော်ပြသည်။ မြစ်ဝါမြစ်၏ ရေ ၇၂ ဒသမ ၃ရာခိုင်နှုန်းသည် ယခု မတ်လတွင် အမှတ်(၃) သတ်မှတ်ချက်အောက်သို့ ကျဆင်းသွားခဲ့သည်ဟု အစိုးရ အစီရင်ခံစာတွင် ဖော်ပြထားသည်။

မြစ်ဝါမြစ် ညစ်ညမ်းမှုကြောင့် စီးပွားရေးအရ ထိခိုက်ဆုံးရှုံးမှုသည် ခန့်မှန်းခြေအားဖြင့် နှစ်စဉ်စုစုပေါင်း ယွမ် ၁၁ ဒသမ ၅ ဘီလီယံမှ ၁၅ ဒသမ ၆ဘီလီယံ (အမေရိကန်ဒေါ်လာ ၁ ဒသမ ၃၉ ဘီလီယံမှ ၁ ဒသမ ၈၉ ဘီလီယံ) အထိရှိသည်။

အညစ်အကြေး များပြားလာမှု၊ ရေညစ်ရေဆိုးများ စီးဝင်မှု၊ ဓာတ်မြေဩဇာ မဆင်မခြင် သုံးစွဲမှုတို့ကြောင့် ရေညစ်ညမ်းမှုဖြစ်ရကြောင်း ကျွမ်းကျင်သူများက ပြောကြားသည်။ ကီလိုမီတာ ၅၄၆၄ ရှည်သည့် မြစ်ဝါမြစ်သည် ပြည်နယ်နှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသကိုးခုကို ဖြတ်သန်းကာ စီးဆင်းသွားပြီး တရုတ်ပြည် မြောက်ပိုင်း ဘိုဟိုင်းပင်လယ်အတွင်းသို့ စီးဝင်သည်။ ယင်းမြစ်က တရုတ်ပြည်၏ ဥယျာဉ်ခြံမြေ ၁၅ ရာခိုင်နှုန်းနှင့် ပြည်သူလူထု ၁ ဒသမ ၃ ဘီလီယံတို့အတွက် ရေဖြည့်ဆည်းပေးလျက် ရှိနေသည်။

အမ်အင်အေ၊ဆင်ဟွာ။

အုပ်ချုပ်ရေးလုပ်ငန်းများတွင် နည်းပညာအသုံးပြုမည် e-Government ကွန်ရက်စနစ် တောင်ကိုရီးယား အဆိုပြု

ဆိုးလ် မေ ၂၈

အာဆီယံ+၃ (တရုတ်၊ တောင်ကိုရီးယားနှင့် ဂျပန်)နိုင်ငံတို့သည် အီလက်ထရွန်းနစ်အုပ်ချုပ်ရေးကွန်ရက်စနစ် (e-Government) ကို လာမည့်နှစ်တွင် ဆိုးလ်မြို့၌ တည်ထောင်ရန် တောင်ကိုရီးယားနိုင်ငံက အဆိုပြုခဲ့သည်။ ဆိုးလ်မြို့တွင် ပြုလုပ်သော အုပ်ချုပ်ရေးဆိုင်ရာ ပိုမိုတိုးတက်ရေးအတွက် အပြည်ပြည်ဆိုင်ရာဆွေးနွေးပွဲ၏ ဆွေးနွေးမှုတစ်ခုတွင် တောင်ကိုရီးယားနိုင်ငံမှ အထက်ပါအဆိုကို တင်သွင်းခဲ့ခြင်းဖြစ်သည်ဟု ယွန်ဟပ် သတင်းဌာနက ဖော်ပြသည်။

ကျင်းပ

ကုလသမဂ္ဂက ကမကထပြုလုပ်သော ကမ္ဘာ့နိုင်ငံများအုပ်ချုပ်မှု တိုးတက်ကောင်းမွန်ရေး အစည်းအဝေးကို ဆိုးလ်မြို့တွင် လေးရက်ကြာကျင်းပခဲ့သည်။ ကြာသပတေးနေ့တွင် ပြုလုပ်သော ဆွေးနွေးပွဲတွင် အာဆီယံ+၃နိုင်ငံတို့မှ ဝန်ကြီးများနှင့် အထက်တန်းအရာရှိများ တက်ရောက်ဆွေးနွေးခဲ့ကြသည်။ ထိုဆွေးနွေးပွဲ၌ နည်းပညာများအသုံးပြု၍ အုပ်ချုပ်ရေးဆိုင်ရာ လုပ်ငန်းများ တိုးတက်အောင် လုပ်ဆောင်နိုင်မည့် နည်းလမ်းများနှင့် တောင်ကိုရီးယားနိုင်ငံမှ အဆိုတင်သွင်းသော အီလက်ထရွန်းနစ် အုပ်ချုပ်ရေးကွန်ရက်စနစ်တွင် ပူးပေါင်းဆောင်ရွက်ရေးကိစ္စများကို အပြုသဘောဆောင်သော ဆွေးနွေးမှုများ ပြုလုပ်ခဲ့ကြသည်။

ဖော်ပြ

အဆိုပါ အီလက်ထရွန်းနစ်အုပ်ချုပ်ရေး ကွန်ရက်စနစ်ဗဟိုဌာနတည်ထောင်ခြင်းဖြင့် ထိုဌာနသည် အာဆီယံ+၃ နိုင်ငံများအတွင်း ပေါင်းကူးတံတားသဖွယ်တည်ရှိလာမည်ဖြစ်သည်။ ထိုသို့ဆောင်ရွက်မှုကြောင့် လူ့အရင်းအမြစ်ဆိုင်ရာကိစ္စများ၊ နည်းပညာဆိုင်ရာ အကူအညီပေးရေးကိစ္စများ၊ ပညာရေးနှင့် လေ့ကျင့်ရေးစသည့် လုပ်ငန်းကိစ္စများတွင် အဆင်ပြေမှုများ၊ အထောက်အကူမှုများ ဖြစ်ထွန်းလာ မည်ဖြစ်သည်ဟု တောင်ကိုရီးယား အုပ်ချုပ်ရေး စီမံခန့်ခွဲရေးဝန်ကြီး ဟိုယန်ကျို၏ ပြောကြားချက်ကိုကိုးကား၍ ယွန်ဟပ် သတင်းဌာနကဖော်ပြသည်။

အီလက်ထရွန်းနစ်အုပ်ချုပ်ရေးစနစ်ဆိုင်ရာ ဆောင်ရွက်မှုများတွင် တောင်ကိုရီးယားနိုင်ငံ၏ ဆောင်ရွက်ပြီးစီးမှုသည် မကြာမီက အဆင့် ငါးနေရာသို့ ရောက်ရှိပြီဖြစ်ကြောင်း ကုလသမဂ္ဂ၏ အစီရင်ခံစာအရ သိရှိရသည်။

အီလက်ထရွန်းနစ် အုပ်ချုပ်ရေး ကွန်ရက်စနစ်တည်ဆောက်မှုနှင့်ဖွံ့ဖြိုးရေးဆိုင်ရာအသေးစိတ် ဆောင်ရွက်မှုများအတွက် အလုပ်ရုံဆွေးနွေးပွဲကို ဆိုးလ်မြို့၌ လာမည့် ဒီဇင်ဘာလ၌ အာဆီယံ+၃နိုင်ငံများက ကျင်းပမည်ဖြစ်သည် ***အမ်အင်အေ၊ဆင်ဟွာ။***

တရုတ်နှင့်ဩစတြေးလျနည်းပညာပူးပေါင်း

ကင်ဘာရာ မေ ၂၈

တရုတ်နှင့်ဩစတြေးလျနိုင်ငံတို့သည် သိပ္ပံနှင့်နည်းပညာနှင့် အခြားကဏ္ဍများ ပူးပေါင်းဆောင်ရွက်ရေး စာချုပ်သုံးခုကို အင်္ဂါနေ့တွင် လက်မှတ်ရေးထိုး လိုက်ကြသည်။

– ချုပ်ဆို –

တရုတ်ပညာရေးဝန်ကြီးဌာနနှင့် ဩစတြေးလျနိုင်ငံ၏ ခနသဟာယသိပ္ပံနှင့် စက်မှုသုတေသနအဖွဲ့တို့သည် သိပ္ပံနှင့်နည်းပညာ ပူးပေါင်းဆောင်ရွက်ရေး သဘောတူစာချုပ်တစ်ရပ်ကို ချုပ်ဆိုကြသည်။

ဟွာဝေနည်းပညာရပ်များကုမ္ပဏီနှင့် ဩစတြေးလျ အိုပီတီယူအက်စ်ကုမ္ပဏီတို့သည် နည်းပညာပူးပေါင်း အကောင်အထည်ဖော်ရေး လုပ်ငန်းသဘောတူစာချုပ်တစ်ရပ်ကို ချုပ်ဆိုကြသည်။

– လေစွမ်းအင် –

တရုတ်နိုင်ငံမှ တာတန်ကော်ပိုရေးရှင်းနှင့် ဩစတြေးလျနိုင်ငံမှ ဟိုင်ဒရိုတက်စ်မေးနီးယားကုမ္ပဏီတို့သည် လေစွမ်းအင်စီမံကိန်းတစ်ရပ် ပူးပေါင်းဆောင်ရွက်ရေး သဘောတူစာချုပ်ကို ချုပ်ဆိုကြသည်။ ***အမ်အင်အေ၊ဆင်ဟွာ။***

မြင်ကွင်း

တရုတ်နိုင်ငံ ရှန်ဟိုင်းမြို့တွင် ကျင်းပသော ပဉ္စမအကြိမ် ပြည်သူ့လုံခြုံရေးပြပွဲတွင် ကျည်ကာအင်္ကျီများ ပြသထားသည်ကို မေ ၂၆ရက်က တွေ့ရစဉ်။ *(ဓာတ်ပုံ–အင်တာနက်)*

တရုတ်နိုင်ငံအလယ်ပိုင်း ဟူပေပြည်နယ် ကျန်လီမြို့ရှိ ဆောက်လုပ်ရေးလုပ်ငန်းအတွက် တိုင်များ ရောင်းချသော ဆိုင်တစ်ဆိုင်ကို မေ ၂၇ရက်က တွေ့ရစဉ်။ *(ဓာတ်ပုံ–အင်တာနက်)*

နိုင်ငံတကာသတင်းများ

ရေနံလုပ်ကွက်သစ်များအတွက် အင်ဒိုနီးရှားတင်ဒါခေါ်မည် စွမ်းအင်ကဏ္ဍတွင် ရင်းနှီးမြှုပ်နှံမှုအသစ်များရရှိရန်မျှော်လင့်

ဂျကာတာ မေ ၂၈

အင်ဒိုနီးရှားအစိုးရသည် ရေနံရှာဖွေရေး လုပ်ကွက်အသစ် ၂၆ ကွက်ကို ရှေ့လဆန်းတွင် တင်ဒါခေါ်ယူ၍ လုပ်ပိုင်ခွင့်များ ချပေးမည်ဖြစ်ကြောင်း အင်ဒိုနီးရှားဝန်ကြီးက မေ ၂၆ ရက်တွင် ပြောကြားသည်။

ပါဝင်

မကြာမီ ချပေးမည့် ရေနံလုပ်ကွက် ၂၆ ကွက်သည် ယခုနှစ်အတွင်း တင်ဒါခေါ်ခွင့်ပြုပေးရန်ရှိသည့် ရေနံလုပ်ကွက်အသစ် ၇၀ တွင် ပါဝင်သော လုပ်ကွက်တစ်စိတ်တစ်ဒေသ ဖြစ်ကြောင်း အင်ဒိုနီးရှားနိုင်ငံ စွမ်းအင်နှင့် သယံဇာတဝန်ကြီး ပါဒိုမိုယူဂင်တိုရိုက ပြောကြားသည်။

ကြေညာမည်

ရေနံလုပ်ကွက်အသစ်များ တင်ဒါခေါ်ယူမည့် အစီအစဉ်ကို လာမည့် သီတင်းတစ်ပတ် နှစ်ပတ်အတွင်း ကြေညာရန်ရှိကြောင်း စွမ်းအင်ဝန်ကြီး၏သတင်းကို ကိုးကား၍ အင်တာရာ သတင်းဌာနက ဖော်ပြသည်။ တင်ဒါခေါ်မည့် လုပ်ကွက်အသစ်များ၏ တည်နေရာအတိအကျကို ဝန်ကြီးက ထုတ်ဖော်ပြောကြားခြင်း မရှိဘဲ ထိုလုပ်ကွက်များသည် နိုင်ငံ၏ နေရာအနှံ့အပြား၌ တည်ရှိကြောင်းသာ ပြောကြားသည်။

ယခုချပေးမည့် လုပ်ကွက်အသစ်များကြောင့် အင်ဒိုနီးရှား၏ စွမ်းအင်ကဏ္ဍတွင် ရင်းနှီးမြှုပ်နှံမှုအသစ်များ ပြန်လည်ဝင်ရောက်လာပြီး နိုင်ငံ၏ ရေနံနှင့် ဓာတ်ငွေ့ထုတ်လုပ်မှုကို ပြန်လည် တိုးမြှင့်နိုင်လိမ့်မည်ဟုဆိုသည်။

အင်ဒိုနီးရှားသည် အကောင်းစား ရေနံများကို တင်ပို့ခြင်းမှ ရရှိသော ဝင်ငွေဖြင့် နိုင်ငံ၏ဘတ်ဂျက်ရသုံးငွေကို အဓိကဖြည့်ဆည်းပေးလျက်ရှိသည်။ တစ်ချိန်တည်းမှာပင် မိမိရေနံထက် အမျိုးအစားညံ့သောအရှေ့အလယ်ပိုင်းဒေသ ရေနံများကို ပြည်တွင်းသုံးရန်အတွက် ပြန်လည်ဝယ်ယူတင်သွင်းသည်။ ထိုရေနံများကို ပြည်တွင်းရှိ ရေနံချက်စက်ရုံများ၌ပင် ချက်လုပ်ပြီး လိုအပ်ချက်ကို ဖြည့်ဆည်းပေးလျက်ရှိကြောင်း သိရသည်။

လိုငွေပြ

ယခု ၂၀၀၅ ခုနှစ် ပထမလေးလပတ်ကာလ၌ အင်ဒိုနီးရှားနိုင်ငံသည် ရေနံကုန်သွယ်ရေးတွင် အမေရိကန် ဒေါ်လာတစ်ဘီလီယံလိုငွေပြနေကြောင်း စာရင်းအင်းမှတ်တမ်းများက ဖော်ပြနေသည်။ ထိုအခြေအနေကြောင့် အင်ဒိုနီးရှားသည် ယခုမေလမှစ၍ ပြည်တွင်းထွက် ရေနံများတင်ပို့မှုကို လျှော့ချသွားရန်စီစဉ်နေသည်ဟုဆိုသည်။ ***အမ်အင်အေ၊ ဆင်ဟွာ။***

အီဘိုလာရောဂါ ဖြစ်ပွား ကွန်ဂိုတွင် ၁၀ဦးသေဆုံး

ယွန်ဒီ မေ ၂၈

အီဘိုလာဗိုင်းရပ်ကူးစက်ရောဂါကြောင့် ကွန်ဂိုသမ္မတနိုင်ငံတွင် လူ ၁၀ ဦး အသက်ဆုံးရှုံးခဲ့ရကြောင်း ကမ္ဘာ့ကျန်းမာရေးအဖွဲ့က ပြောကြားခဲ့သည်ဟု ဘရာဇာဘီးလ်မှ လာသော သတင်းများက ဖော်ပြသည်။

ထိုအီဘိုလာရောဂါ ကူးစက်မှုဖြစ်ပွားချိန်မှာ သီတင်းပတ်အနည်းငယ်သို့မဟုတ် လအနည်းငယ် အကြာအထိ ပေါ်ပေါက်ခဲ့ကြောင်း၊ ရောဂါကူးစက်ခံရသူများနှင့် ထိတွေ့မှုရှိပြီးနောက် ဆေးရုံသို့တက်၍ ကုသမှုခံယူရန် ငြင်းဆန်ခံသူများသည် ရက်အနည်းငယ် အတွင်း ပြင်းထန်သောဝေဒနာကို ခံစားရနိုင်ကြောင်း ကမ္ဘာ့ကျန်းမာရေးအဖွဲ့က သတိပေးထားသည်။

ကွန်ဂိုတွင် အီဘိုလာရောဂါ ခံစားနေရသူ ၁၂ဦးအနက် ၁၀ဦးသေဆုံးခဲ့သည်။ ***အမ်အင်အေ၊ဆင်ဟွာ။***

ကင်ညာလေကြောင်းပိုင်နက် ကျူးကျော်ဝင်ရောက်မှု ဗြိတိသျှလေယာဉ်မှူးတစ်ဦးကို ရဲတပ်ဖွဲ့က ဖမ်းဆီးထား

နိုင်ရိုဘီ မေ ၂၈

ကင်ညာနိုင်ငံအတွင်း ကင်ညာလယ်သမားတစ်ဦးပိုင်သည့် ခြံမြေတစ်ခုအတွင်း ဥပဒေမဲ့ဆင်းသက်ရန် စီစဉ်သည့် ဗြိတိသျှလေယာဉ်မှူးတစ်ဦးအား ကင်ညာရဲတပ်ဖွဲ့က ဖမ်းဆီးထားကြောင်း တာဝန်ရှိပုဂ္ဂိုလ်တစ်ဦးက နိုင်ရိုဘီတွင် ကြာသပတေးနေ့က အတည်ပြုပြောကြားလိုက်သည်။

အဆိုပါလေယာဉ်မှူးမှာ ဝက်စလေဟက်တယ်ဖြစ်ပြီး ဇင်ဘာဘွေမှ နိုင်ရိုဘီမြို့အနောက်မြောက် ကီလိုမီတာ ၉၀ ခန့်အကွာရှိ နေဗာရှာသို့ လေယာဉ်မောင်းနှင်ပြီး ဖော်ပြပါဒေသသို့ ဆင်းသက်ရာ ကင်ညာလေပိုင်နက် ကျူးကျော်မှုဖြင့် နိုင်ရိုဘီတွင် အင်္ဂါနေ့က အဖမ်းခံခဲ့ရသည်ဟု အစိုးရပြောရေးဆိုခွင့်ရှိသူ မူတူရာက ပြောကြားသည်။

သက်သေမကင်း

ကင်ညာ တောရိုင်းတိရစ္ဆာန်ဌာနမှူး ဆင်မဆင်အိုလီစီစီနာ သေဆုံးခဲ့မှုနှင့်စပ်လျဉ်း၍ ဗြိတိသျှမှူးမတ် မျိုးနွယ်ကို မွန်ဒီလေအား အများကစိတ်ဝင်တစားရှိနေစဉ် လေယာဉ်မှူးက ၎င်း၏ခြံမြေအတွင်း လေယာဉ်ဆင်းသက်ရန် ပြောကြားခဲ့ပြီးနောက် လုံခြုံရေးတာဝန်ရှိပုဂ္ဂိုလ်များက ၎င်းအား သက်သေမကင်းဖြစ်လာကြသည်။

လေယာဉ်မှူးဟက်တယ်က အဆိုပါ ခြံမြေအတွင်း ဆင်းသက်ရန်လိုလားသည်ဟူသော ပြောကြားချက်များအား မူတူရာက အတည်မပြုနိုင်ကြောင်း ပြောကြားသည်။

လေယာဉ်တစ်စင်း ကင်ညာနိုင်ငံအတွင်းဝင်ရောက်လာခဲ့ကြောင်း၊ လေယာဉ်မှူးတွင် သင့်လျော်သည့် အထောက်အထားများမပါရှိဘဲ ကင်ညာလေပိုင်နက်အတွင်း ပျံသန်းလာမှုကြောင့် ၎င်းအား ဖမ်းဆီးခဲ့ကြောင်း၊ ကိုမွန်ဒီလေ မိသားစုနှင့် လေယာဉ်မှူးဆက်စပ်မှုရှိ၊ မရှိ ပြဿနာအား မိမိတို့ အတည်မပြုနိုင်ကြောင်း မူတူရာက သတင်းစာရှင်းလင်းပွဲတွင် ပြောကြားသည်။

ကိုမွန်ဒီလေသည် ထင်ရှားသောခြံမြေစိုက်ပျိုးသူ တစ်ဦးဖြစ်ပြီး တောရိုင်းတိရစ္ဆာန်ဌာနမှူး ဆင်မဆင်အိုလီစီစီနာအား သတ်ဖြတ်မှုဖြင့် စွပ်စွဲခံထားရသူဖြစ်သည်။၎င်းသည် ထောင်မှ လွန်ခဲ့သည့်ရက်သတ္တပတ်က လွတ်မြောက်လာခဲ့သူဖြစ်သည်။

ပျံသန်းဖွယ်

လေယာဉ်မှူးသည် လေယာဉ် စတင်မဆင်းမီ ထောက်လှမ်းမရနိုင်သည့် ဝေဟင်အမြင့်ထက်မှ လေယာဉ်ပျံသန်း ဖွယ်ရှိကြောင်း ကင်ညာမြို့ပြလေကြောင်းဌာနမှ တာဝန်ရှိပုဂ္ဂိုလ်များက ပြောကြားသည်။

ရဲတပ်ဖွဲ့က တပ်လှန့်ထားပြီး အဆိုပါလေယာဉ်မှူးအား လေဆိပ်တွင် ဖမ်းဆီးလိုက်ကာ လေယာဉ်ပျံကို လေဆိပ်တွင် ထိန်းသိမ်းထားသည်ဟု ရဲတပ်ဖွဲ့မှ ရဲအရာရှိတစ်ဦးက ပြောကြားသည်။ ***အမ်အင်အေ၊ဆင်ဟွာ။***

၂၀၀၅ ခုနှစ် ကမ္ဘာ့ဆေးလိပ်မသောက်ရေးနေ့

ဒေါက်တာဒေါ်ညိုညိုကြိုင်

နှစ်စဉ်နှစ်တိုင်း မေလ ၃၁ ရက်နေ့ကို ကမ္ဘာ့ဆေးလိပ် မသောက်ရေးနေ့အဖြစ် သတ်မှတ်၍ ကမ္ဘာတစ်ဝန်းရှိ နိုင်ငံအသီးသီးတွင် ကမ္ဘာ့ဆေးလိပ်မသောက်ရေးနေ့ အထိမ်းအမှတ်အခမ်းအနားများကို ကျင်းပမြဲဖြစ်ပါသည်။ မြန်မာနိုင်ငံတွင် ဆေးလိပ်၊ ဆေးရွက်ကြီးသုံးစွဲမှု၏ အန္တရာယ်ကို ပြည်သူအများ ကျယ်ကျယ်ပြန့်ပြန့် သိရှိသဘောပေါက် နားလည်ရှောင်ကြဉ်နိုင်ရန်အတွက် ကမ္ဘာ့ဆေးလိပ်မသောက်ရေးနေ့ အထိမ်းအမှတ်အခမ်းအနားများကို ၁၉၈၉ ခုနှစ်မှစ၍ ကျင်းပလာခဲ့ကြပါသည်။ ကမ္ဘာ့ကျန်းမာရေးအဖွဲ့က ဆေးရွက်ကြီးမှ ထွက်သောပစ္စည်းအမျိုးမျိုးဖြစ်သည့် စီးကရက်၊ ဆေးပေါ့လိပ်၊ ဆေးပြင်းလိပ်၊ ဆေးတံစသည်တို့ကို သောက်ရှူခြင်း၊ ကွမ်းယာထဲတွင် ဆေးထည့်စားခြင်း၊ ဆေးရွက်ကြီးငုံခြင်း စသည်တို့ကြောင့် ကင်ဆာရောဂါများ၊ နှလုံးရောဂါ၊ သွေးတိုးရောဂါစသည့် နှလုံးသွေးကြောနှင့်ဆိုင်သည့် ရောဂါများ၊ အဆုတ်လေပြွန်ရောင်ရောဂါ၊ အဆုတ်ပွရောဂါ၊ ပန်းနာရင်ကျပ်ရောဂါ စသည့်ရောဂါအမျိုးမျိုးဖြစ်ပွား၍ ကျန်းမာရေး၊ လူမှုရေး၊ စီးပွားရေးဒုက္ခများ ခံစားနေရသည့် အန္တရာယ်ကို လူအများသိမြင် သဘောပေါက်လာစေရန်အတွက် နှစ်စဉ်သင့်လျော်သည့် ဆောင်ပုဒ်များ ရွေးချယ်သတ်မှတ်ပေးခဲ့ပါသည်။

ဥပမာအားဖြင့် ၁၉၈၉ ခုနှစ်တွင် **"မိခင်နှင့်ကလေးကျန်းမာရေး ဆေးလိပ်ရှောင်ကြဉ်ပေး"**၊ ၁၉၉၀ ပြည့်နှစ်တွင် **"ဆေးလိပ်ကင်းဝေး၊ကြီးပြင်းရေး"**၊ ၁၉၉၉ ခုနှစ်တွင် **"ဆေးလိပ်ဖြတ်ပါဘဝတာ၊ ကျန်းမာစေကြောင်း နည်းလမ်းကောင်း"**၊ ၂၀၀၀ ပြည့်နှစ်တွင် **"ဆေးလိပ်ကြော်ငြာဆွဲဆောင်အား၊ အန္တရာယ်ရှိသည် သတိထား"**၊ ၂၀၀၁ ခုနှစ်တွင် **"လေထုသန့်စင်ဖို့ဆေးလိပ်ရှောင်ကြစို့၊သင့်ဆေးလိပ်ငွေ့ကြောင့် သူတစ်ပါးမထိခိုက်ပါစေနှင့်"**၊ ၂၀၀၂ ခုနှစ်တွင် **"ဆေးလိပ်ဆေးရွက်မပတ်သက်၊ အားကစားသက်သက်ဒို့ချီတက်"**၊ ၂၀၀၃ ခုနှစ်တွင် **"ဆေးလိပ်ကင်းကွာ၊ အနုပညာကမ္ဘာ"**၊ ၂၀၀၄ ခုနှစ်တွင် **"ဆေးလိပ်ဆေးရွက်ရှောင်ကြဉ်မှ လူမှုဘဝချမ်းသာရ"**ဟူ၍ နှစ်အလိုက် ဆောင်ပုဒ်များ ရွေးချယ်သတ်မှတ်ပြီး ကမ္ဘာ့ဆေးလိပ်မသောက်ရေးနေ့ အထိမ်းအမှတ် အခမ်းအနားများကို ကျင်းပခဲ့ကြပါသည်။

ဆေးလိပ်ဆေးရွက်ကြီးသုံးစွဲမှု ထိန်းချုပ်တိုက်ဖျက်ရေးအတွက် ဆောင်ရွက်ရာတွင် ကျန်းမာရေးဌာန တစ်ခုတည်းသာမက ဌာနပေါင်းစုံ၊ နယ်ပယ်ပေါင်းစုံ၊ ကဏ္ဍပေါင်းစုံမှ ဝိုင်းဝန်းလက်တွဲဆောင်ရွက်ရန် လိုပါသည်။ ကဏ္ဍအသီးသီး၊ နယ်ပယ်အသီးသီး၏ အရေးပါပုံကို ထင်ထင်ရှားရှားမြင်သာစေရန် နှစ်အလိုက် ဆောင်ပုဒ်များ ရွေးချယ်သတ်မှတ်ခဲ့ကြခြင်းဖြစ်ပါသည်။

ယခုနှစ်အတွက် ရွေးချယ်သတ်မှတ်ထားသော ဆောင်ပုဒ်မှာ Health Professionals against Tobacco **"ဆေးလိပ်ဆေးရွက်ကြီးဆန့်ကျင်ရေး ကျန်းမာရေးပညာရှင်များ ဦးဆောင်ပေး"**ဟူ၍ ဖြစ်ပါသည်။ အလားတူဆောင်ပုဒ်မျိုးကို ၁၉၉၃ ခုနှစ်တွင် Tobacco Education through Health Department **"ဆေးလိပ်ဆေးရွက် မသောက်သုံးရေး၊ ကျန်းမာရေးဌာနက နမူနာပေး"** ဟူ၍ သတ်မှတ်ခဲ့ပါသည်။ ဤဆောင်ပုဒ်များ ရွေးချယ်သတ်မှတ်ရခြင်း၏ ရည်ရွယ်ချက်မှာ ဆေးလိပ်ဆေးရွက်ကြီး သုံးစွဲမှုတိုက်ဖျက်ရေးလုပ်ငန်းများတွင် ကျန်းမာရေးပညာရှင်များ၊ ကျန်းမာရေးနှင့်သက်ဆိုင်သည့်လုပ်ငန်းများ ဆောင်ရွက်နေသည့် စေတနာ့ဝန်ထမ်းအဖွဲ့ အစည်းများ၊ ကျန်းမာရေးအသိရှိသူများက ဦးဆောင်ဦးရွက်ပြု၍ ဆောင်ရွက်ရန်အရေးကြီးပုံကို နှိုးဆော်လိုခြင်း ဖြစ်ပါသည်။

ကျန်းမာရေးပညာရှင်များဟု ဆိုရာတွင် ဆရာဝန်များသာမက သူနာပြုများ၊ ကျန်းမာရေးမှူးများ၊ သားဖွား ဆရာမများ၊ အခြေခံကျန်းမာရေး ဝန်ထမ်းများ၊ ဆေးဘက်ပညာသည်များ၊ ဆေးကျောင်းသူ၊ ကျောင်းသားများ အားလုံးပါဝင်ပါသည်။ ထို့အပြင် ပြည်သူလူထုအတွင်း ကျန်းမာရေးနှင့်ပတ်သက်သည့် ပညာဗဟုသုတများကို စေတနာ့ဝန်ထမ်း လုပ်ငန်းတစ်ရပ်အနေဖြင့် စဉ်ဆက်မပြတ် လက်ဆင့်ကမ်းဆော်ဩပေးလျက်ရှိသော ကျန်းမာရေးအသိရှိသူ အားလုံးလည်း ပါဝင်ပါသည်။

ကျန်းမာရေးပညာရှင်များသည် ပြည်သူလူထုက ယုံကြည်အားကိုးလေးစားခံရသူများဖြစ်သည်။ ကျန်းမာရေးပညာရှင်များ၏ ပြုမူနေထိုင်ပြောဆိုပုံများကို ပြည်သူလူထုက အတုယူလေ့ရှိကြသည်။ ကျန်းမာရေး ပညာရှင်များက မှာကြားသည့်စကားများကို လူနာများသာမက လူနာ၏မိသားစုများ၊ အသိုင်းအဝိုင်းများကပါ တလေးတစား လိုက်နာဆောင်ရွက်လေ့ရှိကြသည်။ သို့ဖြစ်၍ ကျန်းမာရေးပညာရှင်များအနေဖြင့် မိမိတို့ကိုယ်တိုင် စံပြနမူနာအဖြစ် ဆေးလိပ်ဆေးရွက် ရှောင်ကြဉ်ကြရန် အထူးလိုအပ်ပါသည်။

မိမိတို့နှင့် နေ့စဉ် ထိတွေ့နေရသော လူနာများနှင့် လူနာ၏မိသားစုများကို ဆေးလိပ်သောက်ခြင်း၊ ဆေးပါသောကွမ်းစားခြင်း၊ ဆေးငုံခြင်းစသည့် အလေ့အကျင့်များနှင့်ပတ်သက်၍ အစဉ်အမြဲ မေးမြန်းရန်တာဝန်ရှိပါသည်။ မိမိတို့ထံ လာရောက်ပြသသော ကလေးလူနာများ၏ မိသားစုနှင့် အုပ်ထိန်းသူများကိုလည်း ကလေး၏အနီးအနားတွင် ဆေးလိပ်သောက်သူရှိ၊ မရှိ၊ ဆေးလိပ်သောက်သူရှိက ကလေးအနားတွင် ဆေးလိပ်သောက်ခြင်းကို ရှောင်ကြဉ်ကြစေဖို့ တိုက်တွန်းပြောကြားရန် လိုအပ်ပါသည်။

မြန်မာနိုင်ငံအနေဖြင့် ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကြီးမှ ဦးဆောင်ရေးဆွဲခဲ့သော ဆေးလိပ်နှင့် ဆေးရွက်ကြီးထွက်ပစ္စည်း သောက်သုံးမှုထိန်းချုပ်ရေး အပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းကို လက်ခံ အတည်ပြုထားသည့် အဖွဲ့ဝင်နိုင်ငံ တစ်နိုင်ငံအနေဖြင့် ဆေးလိပ်နှင့် ဆေးရွက်ကြီးထွက်ပစ္စည်းထိန်းချုပ်ရေးလုပ်ငန်းများကို အရှိန်အဟုန်ဖြင့် ဆောင်ရွက်လျက်ရှိပါသည်။

မိမိလူနာများကိုသာမက မိမိနှင့်ထိတွေ့နေရသော ပြည်သူလူထုတစ်ရပ်လုံးကိုပါ ဆေးလိပ်မသောက်ရန်၊ ဆေးကွမ်းမစားရန်၊ ဆေးလိပ်ဆေးရွက်ကြီး သုံးစွဲမှုကြောင့် လူမှုရေး၊ စီးပွားရေး ထိခိုက်ပုံကိုပါ အမြဲတစေ အသိပေးပြောကြားနေရန် တာဝန်ရှိပါသည်။ ဆေးလိပ်ဆေးရွက်ကြီး သုံးစွဲနေသူများအား ဆေးလိပ်ဆေးရွက်ကြီး ဖြတ်တောက်နိုင်ရေးအတွက် အကြံဉာဏ်ပေးရန်နှင့် ကူညီပေးရန်လည်းတာဝန်ရှိပါသည်။ မိမိတို့ကိုယ်တိုင် စံပြနမူနာအနေဖြင့် ဆေးလိပ်မသောက်ရန်၊ ကွမ်းဆေးမသုံးစွဲရန်အရေးကြီးသကဲ့သို့ မိမိတို့၏ဆေးရုံများ၊ ကျန်းမာရေးဌာန အဆောက်အအုံများနှင့် ပတ်ဝန်းကျင်ကို အမှန်တကယ် ဆေးလိပ်ဆေးရွက်ကင်းဝေးသော နယ်မြေဖြစ်စေရန်လည်း ဆောင်ရွက်ရန်လိုအပ်ပါသည်။

ထို့အပြင်ဆေးလိပ်ဆေးရွက်ကြီး သုံးစွဲမှုအခြေအနေ၊ ဆေးလိပ်ဆေးရွက်ကြီး သုံးစွဲမှုကြောင့် ရောဂါများဖြစ်ပွားမှု အခြေအနေ၊ ဆေးလိပ် ဆေးရွက်ကြီး ဖြတ်တောက်နိုင်သည့် နည်းလမ်းများစသည်တို့ကို စဉ်ဆက် မပြတ်စောင့်ကြည့်၍ သုတေသနပြုလုပ်ရာတွင်လည်း ကျန်းမာရေးပညာရှင်များက ဦးဆောင်မှုပေးရန် လိုအပ်ပါသည်။

မြန်မာနိုင်ငံအနေဖြင့် ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကြီးက ဦးဆောင်ရေးဆွဲခဲ့သော ဆေးလိပ်နှင့် ဆေးရွက်ကြီးထွက်ပစ္စည်းသောက်သုံးမှုထိန်းချုပ်ရေး အပြည်ပြည်ဆိုင်ရာကွန်ဗင်းရှင်းကို လက်ခံအတည်ပြုထားသည့် အဖွဲ့ဝင်နိုင်ငံ တစ်နိုင်ငံအနေဖြင့် ဆေးလိပ်နှင့် ဆေးရွက်ကြီးထွက်ပစ္စည်း ထိန်းချုပ်ရေးလုပ်ငန်းများကို အရှိန်အဟုန်ဖြင့် ဆောင်ရွက်လျက်ရှိပါသည်။ မြန်မာနိုင်ငံ၏ဆေးလိပ်နှင့် ဆေးရွက်ကြီးထွက် ပစ္စည်းသောက်သုံးမှု ထိန်းချုပ်ရေးလုပ်ငန်းများ တိုးတက်အောင်မြင်မှုကို ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကြီးက စောင့်ကြပ်ကြည့်ရှုသတိပြုမိသည်နှင့်အညီ ၂၀၀၄ခုနှစ် ကမ္ဘာ့ဆေးလိပ် မသောက်ရေးနေ့ အထိမ်းအမှတ်ဆုကို မြန်မာနိုင်ငံကျန်းမာရေး ဝန်ကြီးဌာနဝန်ကြီးအား ချီးမြှင့်ပေးအပ်ခဲ့ပါသည်။

မြန်မာနိုင်ငံတွင် စစ်တမ်းများအရ ဆေးလိပ်သောက်သုံးမှု နှုန်းထားများ လျော့နည်းကျဆင်းလျက်ရှိပါသည်။ ကျောင်းသားလူငယ်ထုအတွင်း ဆေးလိပ်သောက်သုံးမှုနှုန်းမှာ ၂၀၀၁ခုနှစ် စစ်တမ်းအရ (၈)တန်း၊ (၉)တန်း၊ (၁၀)တန်း ကျောင်းသူ၊ ကျောင်းသားများ၏ ၁၆ဒသမ၉ ရာခိုင်နှုန်းရှိခဲ့ရာမှ ၂၀၀၄ခုနှစ် စစ်တမ်းအရ ၉ ဒသမ ၇ ရာခိုင်နှုန်းအထိ ကျဆင်းလာကြောင်း တွေ့ရှိရပါသည်။ ဆေးရွက်ကြီးသုံးစွဲမှုနှုန်းမှာလည်း ၂၀၀၁ခုနှစ်တွင် အဆိုပါ ကျောင်းသားများ၏ ၂၀ ဒသမ ၄ ရာခိုင်နှုန်းရှိခဲ့ရာမှ ၂၀၀၄ခုနှစ်တွင် ၁၀ ဒသမ ၈ ရာခိုင်နှုန်းအထိ ကျဆင်းသွားကြောင်း တွေ့ရှိရပါသည်။

ပြည်သူလူထုအတွင်းတွင်လည်း အသက်(၁၅)နှစ်အထက် အမျိုးသားများအတွင်း ဆေးလိပ်သောက်သုံးမှုနှုန်းသည် ၁၉၉၀ ပြည့်နှစ် ပတ်ဝန်းကျင်တွင် ၆၀ ရာခိုင်နှုန်း ကျော်ရှိခဲ့ရာမှ ၂၀၀၁ ခုနှစ်တွင် ၄၈ ရာခိုင်နှုန်း၊ ၂၀၀၄ ခုနှစ်တွင် ၃၁ ရာခိုင်နှုန်းကျော်သာ ရှိကြောင်းတွေ့ရပါသည်။ အမျိုးသမီးများအတွင်း ဆေးလိပ်သောက် သုံးမှုအနေဖြင့်လည်း မြို့ပြတွင် သိသာစွာ လျော့နည်းကျဆင်းလျက်ရှိပါသည်။ ၂၀၀၄ခုနှစ်တွင် မြို့ပြအမျိုးသမီးများ၏ လေးရာခိုင်နှုန်းခန့်နှင့် ကျေးလက်အမျိုးသမီးများ၏ ၂၀ ရာခိုင်နှုန်းခန့် ဆေးလိပ်သောက်သုံးလျက်ရှိကြောင်း တွေ့ရပါသည်။ ဆေးလိပ်သောက်သုံးမှုနှုန်းထားများ ကျဆင်းလျက်ရှိသော်လည်း ကွမ်းထဲတွင် ဆေးအမျိုးမျိုး ထည့်စားသည့် ရာခိုင်နှုန်းမှာ တရိပ်ရိပ်တက်လျက်ရှိကြောင်း တွေ့ရှိနေရပါသည်။

ဓာတ်ခွဲစစ်ဆေးချက်များအရ ကွမ်းယာထဲတွင် ထည့်၍ စားသုံးလျက်ရှိကြသော နပ်ဆေး၊ ဆေးပေါင်း၊ ဆေးမွှေးစသောဆေးရွက်ကြီးကို နည်းအမျိုးမျိုးဖြင့် ပြုပြင်စီမံထားသည့် ပစ္စည်းများတွင် နီကိုတင်း ပမာဏမှာ နိုင်ငံတကာသတ်မှတ်ထားသည့် ပမာဏထက် များစွာကျော်လွန် ပါဝင်နေသည့်အပြင် ကျန်းမာရေးကို ထိခိုက်စေသည့် အခြားအရာဝတ္ထု ပစ္စည်းများလည်း ပါဝင်နေပါသည်။

သို့ဖြစ်၍ ကျန်းမာရေးပညာရှင်များနှင့် ကျန်းမာရေးအသိရှိသူတိုင်းက ဆေးလိပ်အန္တရာယ်ကိုသာမက ကွမ်းဆေးစားသည့် အန္တရာယ်ကိုပါ ပြည်သူလူထုတစ်ရပ်လုံး ကျယ်ကျယ်ပြန့်ပြန့် သိရှိနားလည်စေရန် အစဉ်အမြဲ ပညာပေးပြောကြားနေရန် လိုအပ်ပါသည်။ မိမိတို့ကိုယ်တိုင်လည်း စံပြနမူနာအဖြစ် ရှောင်ကြဉ်နိုင်ရန် အရေးပါပုံကို ယခုနှစ် ကမ္ဘာ့ဆေးလိပ် မသောက်ရေးနေ့ ဆောင်ပုဒ်က ဖော်ညွှန်းပြသလျက်ရှိပါကြောင်း ရေးသားလိုက်ရပါသည်။ ။

ကမ္ဘာ့ဆေးလိပ်မသောက်ရေးနေ့

(၃၁-၅-၂၀၀၅)

World No-Tobacco Day

(31-5-2005)

ဆေးလိပ်ဆေးရွက်ကြီးဆန့်ကျင်ရေး၊ ကျန်းမာရေးပညာရှင်များ ဦးဆောင်ပေး

Health Professionals against Tobacco

ကျန်းမာရေးဝန်ကြီးဌာန

ကူးစက်ရောဂါကာကွယ် တားဆီးရေးစည်းဝေး

ကော့သောင်း မေ ၂၄

ကော့သောင်းမြို့ ဟံသာဝတီခန်းမတွင် မေ ၂၁ ရက် မွန်းလွဲ၁နာရီက ခရိုင် ခုခံအားကျဆင်းမှု ကူးစက်ရောဂါ တားဆီးကာကွယ်ရေးအဖွဲ့ အစည်းအဝေးကျင်းပရာ စားသောက်ဆိုင်ပိုင်ရှင်များ၊ ဟိုတယ်ပိုင်ရှင်များ တက်ရောက်ကြသည်။

အခမ်းအနားတွင် ခရိုင်ဥက္ကဋ္ဌ ဒုတိယ ဗိုလ်မှူးကြီးတင်စိုး၊ ခရိုင်အုပ်ချုပ်ရေးမှူး ဦးကြည်တင်၊ ခရိုင်ရဲမှူး မြင့်သိန်းနှင့် ကူးစက်ရောဂါ ကာကွယ်ရေးအဖွဲ့ အတွင်းရေးမှူး ဒေါက်တာဝင်းအောင်တို့က အသီးသီး အမှာစကား ပြောကြားကြသည်။ (၄၈၁)

မြဝတီရုပ်မြင်သံကြားအစီအစဉ်

၃၀-၅-၂၀၀၅ (တနင်္လာနေ့)

နံနက်ပိုင်း

၇း၀၀	၁။	မြဝတီအဖွင့်
၇း၀၅	၂။	အဖွင့်သီချင်း
၇း၁၀	၃။	မျိုးချစ်တပ်မတော်
၇း၂၀	၄။	မြန်မာပြည်တစ်ဝန်း ရှောင်စုံမှတ်တမ်း
၇း၃၀	၅။	မြန်မာသံစဉ်ချိုနားဝင်
၇း၄၀	၆။	မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊ အရေး၊အတီး ပြိုင်ပွဲအစီအစဉ်
၇း၅၅	၇။	ဖွံ့ဖြိုးသာယာ ပြည်မြန်မာ
၈း၀၀	၈။	မြဝတီရုပ်မြင်သံကြားသတင်း
၈း၁၀	၉။	ဖွံ့ဖြိုးသာယာပြည်မြန်မာ
၈း၁၅	၁၀။	အပိတ်နှုတ်ဆက်စကား
၈း၁၆	၁၁။	ပြီးပါပြီ။

ညပိုင်း

၄း၀၀	၁။	မြဝတီ
၄း၀၅	၂။	အဖွင့်သီချင်း
၄း၁၀	၃။	ဖွံ့ဖြိုးသာယာ ပြည်မြန်မာ
၄း၁၅	၄။	လက်စွမ်းပြဟန်ဂီတသံ
၄း၂၅	၅။	ရင်မှာစွဲလမ်းတော်ဝင်ပန်း
၄း၃၅	၆။	မျိုးချစ်တပ်မတော်
၄း၄၅	၇။	ကြည်နူးရွှင်ပျော်တေးသရုပ်ဖော်
၅း၀၀	၈။	**အဝေးသင်ပညာရေးပို့ချမှု အစီအစဉ်** -Winds. (ဒုတိယနှစ်-ပထဝီဝင်အထူးပြု)
၅း၄၀	၉။	သာယာသီကြွေးခေတ်ဆန်းတေး
၆း၀၀	၁၀။	မြဝတီရုပ်မြင်သံကြားသတင်း
၆း၁၀	၁၁။	နိုင်ငံတကာသတင်း
၆း၂၀	၁၂။	မိုးလေဝသသတင်း
၆း၂၅	၁၃။	ဖွံ့ဖြိုးသာယာပြည်မြန်မာ
၆း၄၀	၁၄။	လျှပ်တစ်ပြက်ရိုက်ချက်
၇း၀၀	၁၅။	**ရသစုံလင်ရုပ်မြင်ဇာတ်လမ်း "ကျောက်မဖြစ်တဲ့နှလုံးသား" ရုပ်ကြွင်း "(အပိုင်း-၂၁)**
၈း၀၀	၁၆။	မြဝတီရုပ်မြင်သံကြားသတင်း
	၁၇။	ဖွံ့ဖြိုးသာယာပြည်မြန်မာ
	၁၈။	မေးမြန်းစူးစမ်း
	၁၉။	ယနေ့ညအတွက် မြဝတီ၏ တေးလက်ဆောင်
	၂၀။	**ရသစုံလင်ရုပ်မြင်ဇာတ်လမ်း "မြိုင်ဟောဝန်က သိုင်းလုလင်" (အပိုင်း-၂၃)**
	၂၁။	သင့်အတွက်မနက်ဖြန်
	၂၂။	အပိတ်နှုတ်ဆက်စကား
	၂၃။	ပြီးပါပြီ။

ရန်ကုန်မြောက်ပိုင်းခရိုင် လှိုင်သာယာမြို့နယ် ပန်းလှိုင်ဂေါက်ကွင်းအတွင်းရှိနိုင်ငံတကာအဆင့်မီပန်းလှိုင်ဆေးရုံသစ်ကို ရန်ကုန်မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်း၊ SPA/FMI Group of Companies ဥက္ကဋ္ဌ ဦးသိမ်းဝေနှင့် ထိုင်းနိုင်ငံ Bumrungrad International မှ Group Medical Director Prof. Sinn Anuras တို့က ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြစဉ်။

(သတင်းစဉ်)

နိုင်ငံတကာအဆင့်မီ ပန်းလှိုင်ဆေးရုံသစ် ဖွင့်ပွဲ အခမ်းအနားကျင်းပ

ရန်ကုန် မေ ၂၉

ရန်ကုန်မြောက်ပိုင်းခရိုင် လှိုင်သာယာမြို့နယ် ပန်းလှိုင်ဂေါက်ကွင်းအတွင်းရှိ နိုင်ငံတကာအဆင့်မီ ပန်းလှိုင်ဆေးရုံသစ် ဖွင့်ပွဲ အခမ်းအနားကို ယနေ့နံနက် ၈နာရီတွင် အဆိုပါဆေးရုံသစ်ရှေ့၌ကျင်းပရာ ပညာရေးဝန်ကြီးဌာန ဝန်ကြီးဦးသန်းအောင်၊ ကျန်းမာရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာကျော်မြင့်၊ ဝန်ကြီးချုပ်ရုံးဝန်ကြီး ဗိုလ်မှူးချုပ်ပြည့်စုံနှင့် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ၊ မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်းတို့ တက်ရောက်ချီးမြှင့်ကြသည်။

တက်ရောက်

ဖွင့်ပွဲအခမ်းအနားသို့ ဒုတိယဝန်ကြီးများ၊ ဌာနဆိုင်ရာအကြီးအကဲများ၊ ရန်ကုန်မြို့ရှိ နိုင်ငံခြားသံရုံးများမှ သံရုံးအကြီးအကဲများ၊ ကုလသမဂ္ဂလက်အောက်ခံ အဖွဲ့အစည်းများမှ ဌာနေကိုယ်စားလှယ်များ၊ ခရိုင်နှင့်မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်များ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ မြန်မာနိုင်ငံ နိုင်ငံခြားသတင်းထောက်များ အသင်းဥက္ကဋ္ဌနှင့် အသင်းဝင်သတင်းထောက်များ၊ SPA/FMI Group of Companies ဥက္ကဋ္ဌ၊ နိုင်ငံတကာအဆင့်မီ ပန်းလှိုင်ဆေးရုံသစ်၏ အမှုဆောင် အရာရှိချုပ်နှင့် ဒါရိုက်တာအဖွဲ့ဝင်များ၊ ဆေးရုံဝန်ထမ်းများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ SPA/FMI Group of Companies ဥက္ကဋ္ဌ ဦးသိမ်းဝေက အဖွင့်အမှာစကား ပြောကြားသည်။

ထို့နောက် ထိုင်းနိုင်ငံ Bumrungrad International မှ Group Medical Director Prof. Sinn Anuras က အမှာစကား ပြောကြားပြီး နိုင်ငံတကာအဆင့်မီ ပန်းလှိုင်ဆေးရုံသစ် အမှုဆောင်အရာရှိချုပ် Mr. Martin Pun က ကျေးဇူးတင်စကား ပြောကြားသည်။

ဖဲကြိုးဖြတ်ဖွင့်လှစ်

ယင်းနောက် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ၊ မြို့တော်ဝန် ဗိုလ်မှူးချုပ် အောင်သိန်းလင်း၊ SPA/FMI Group of Companies ဥက္ကဋ္ဌ ဦးသိမ်းဝေနှင့် ထိုင်းနိုင်ငံ Bumrungrad International မှ Group Medical Director Prof. Sinn Anuras တို့က ဖဲကြိုးဖြတ်၍ နိုင်ငံတကာအဆင့်မီ ပန်းလှိုင်ဆေးရုံသစ်ကို ဖွင့်လှစ်ပေးကြပြီး ဖွင့်ပွဲအခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ဖွင့်ပွဲအခမ်းအနားအပြီးတွင် ဝန်ကြီးများ၊ မြို့တော်ဝန်၊ ဒုတိယဝန်ကြီးများနှင့် ဧည့်သည်တော်များသည် နိုင်ငံတကာအဆင့်မီ ပန်းလှိုင်ဆေးရုံသစ်အတွင်း လှည့်လည်ကြည့်ရှုကြသည်။

အဆိုပါ နိုင်ငံတကာအဆင့်မီ ပန်းလှိုင်ဆေးရုံသစ်ကို Serge Pun & Associates- SPA (မြန်မာ) လီမိတက်က အမေရိကန်ဒေါ်လာ ၂၁သန်းဖြင့် ရင်းနှီးမြှုပ်နှံ တည်ဆောက်ထားသည်။ အကျယ်အဝန်းမှာ စတုရန်းမီတာ ၂၁၀၀၀ရှိ လေးထပ်အဆောက်အအုံဖြစ်သည်။

ရန်ကုန်မြောက်ပိုင်းခရိုင် လှိုင်သာယာမြို့နယ် ပန်းလှိုင်ဂေါက်ကွင်းအတွင်းရှိ နိုင်ငံတကာအဆင့်မီ ပန်းလှိုင် ဆေးရုံသစ်ဖွင့်ပွဲအခမ်းအနားအပြီးတွင် ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများနှင့် ဧည့်သည်တော်များက ဆေးရုံသစ်အတွင်း လှည့်လည်ကြည့်ရှုကြစဉ်။ (သတင်းစဉ်)

ဆေးရုံတွင် ခွဲစိတ်ခန်းခြောက်ခန်း၊ ကလေးမွေးဖွားခန်းလေးခန်း၊ မွေးလူနာခွဲစိတ်ခန်းနှစ်ခန်း၊ အထူးကြပ်မတ်ကုသခန်းကိုးခန်း၊ ဓာတ်ခွဲခန်းတစ်ခု၊ ကိုယ်ကာယ လေ့ကျင့်ကုသမှုဌာနတစ်ခန်းနှင့် ခေတ်မီပုံရိပ်ဖော်စက်ခန်းတစ်ခန်းတို့ ပါဝင်သည်။ လက်ရှိခုတင်အရေအတွက် ၉၅ခုတင်သာ လျာထားပြီး နောင်တွင် ခုတင် ၃၅၀ထိ တိုးချဲ့ကာ ပြည်တွင်း၊ပြည်ပမှ လူနာများအား လက်ခံ၍ ပြည်တွင်း၊ပြည်ပမှ သမားတော်ကြီးများနှင့် ကျွမ်းကျင်သူ ပါရဂူ ၁၅၀ကျော်တို့က ကုသမှုဆောင်ရွက်ပေးမည်ဖြစ်သည်။

ဆေးရုံ၏ ပြင်ပလူနာဌာနကို လာမည့် ဇွန် ၈ရက်တွင် စတင်ဖွင့်လှစ်မည်ဖြစ်ပြီး အတွင်းလူနာဆောင်၊ အထူးကြပ်မတ်ကုသဆောင်နှင့် ခွဲစိတ်ခန်း၊ အရေးပေါ်ကုသဌာနတို့ကို ဇွန် ၁၀ရက်တွင် ဖွင့်လှစ်ကာ ကိုယ်ဝန်ဆောင်မိခင်များအား ကျန်းမာရေး ကြိုတင်စစ်ဆေးရန် စာရင်းပေးခြင်းများကို ယနေ့မှစ၍ လက်ခံ ဆောင်ရွက်ပေးလျက်ရှိသည်။ (သတင်းစဉ်)

ရန်ကုန်မြောက်ပိုင်းခရိုင် လှိုင်သာယာမြို့နယ် ပန်းလှိုင်ဂေါက်ကွင်းရှိ နိုင်ငံတကာအဆင့်မီ ပန်းလှိုင်ဆေးရုံသစ်ဖွင့်ပွဲတွင် SPA/FMI Group of Companies ဥက္ကဋ္ဌ ဦးသိမ်းဝေအမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၃၀-၅-၂၀၀၅ (တနင်္လာနေ့)

၇း၀၀	MRTV-4 အဖွင့် Logo ၊ ယနေ့အစီအစဉ်
၇း၀၅	တေးဂီတအစီအစဉ်
၇း၁၀	ထေရဝါဒ ဓမ္မရတနာမြေ
၇း၃၅	တေးဂီတအစီအစဉ်
၇း၄၀	UEFA Stories Best Games
၈း၁၅	ပြည်တွင်းသတင်းအကျဉ်း
၈း၂၀	မေတ္တာနေခြည်အောက်မှကရုဏာပန်းကလေးများ
၈း၂၅	တေးဂီတအစီအစဉ်
၈း၃၀	ကျန်းမာရေးအတွက်သန့်လေးသန့်
၈း၄၀	နိုင်ငံတကာသတင်းအကျဉ်း
၈း၄၅	တေးဂီတအစီအစဉ်
၈း၅၀	စေ့စေ့စပ်စပ်
၉း၁၀	ပြည်တွင်းသတင်းအကျဉ်း
၉း၁၅	တေးဂီတအစီအစဉ်
၉း၂၀	ကျော်ကြားထင်ရှားအနုပညာပုလဲပန်းများ (အကယ်ဒမီခင်ယုမေ)
၁၀း၀၅	တေးဂီတအစီအစဉ်
၁၀း၁၀	အန္တရာယ်ကင်းသောမိခင်ဘဝ
၁၀း၂၀	နိုင်ငံတကာသတင်းအကျဉ်း
၁၀း၂၅	မြန်မာ့ရုပ်ရှင်အဆင့်တန်းမြှင့်တင်ရေး ပထမအကြိမ်အလုပ်ရုံဆွေးနွေးပွဲ
၁၀း၄၀	တေးဂီတအစီအစဉ်
၁၀း၄၅	မိုးလေဝသခန့်မှန်းချက်
၁၀း၅၀	ဆည်ရေပေးဝေနိုင်ရန်ဘင်ခေါင်းဘင်သားတို့၏ တာဝန်ဝတ္တရားများ
၁၁း၀၀	MRTV-4 အပိတ် Logo

အထက်ပါ(၄)နာရီစာ အစီအစဉ်များကို ည ၂၃း၀၀နာရီအထိ (၄)ကြိမ်ဆက်တိုက်ထုတ်လွှင့်သွားမည်ဖြစ်ပါသည်။

ဖလားဝါးနယူးစ်ဂျာနယ် အတွဲ(၁)၊ အမှတ်(၃၀)ဖြန့်ချိ

ရန်ကုန် မေ ၂၉

နမ့်ယားလုပ်ကွက်ထွက် ကမ္ဘာ့တန်းဝင်ပတ္တမြား ပြည်ပကုန်သည်များအကြိုက်တွေ့၊ ပထမဆုံးသွားဘက်ဆိုင်ရာဆေးရုံသစ် ဇူလိုင်လအတွင်းပြီးစီးတော့မည်၊ လစ်ဗျားနိုင်ငံသား ဆိုင်ကယ်စီးကမ္ဘာပတ်သူ မြန်မာနိုင်ငံကိုဖြတ်သန်းမည်၊ အနော်ရထာနန်းတော်ရာမှ အသုံးအဆောင်ပစ္စည်းများတွေ့ စသည့် မျက်မှောက်ပြည်တွင်းရေးရာသတင်း ဝေဝေဆာဆာဖြင့် ယနေ့ထွက်ရှိလာသည်။

ရေခဲစိမ်ကုထုံးဖြင့် ဦးနှောက်ထိပါးခံရမှုကိုကာကွယ်နိုင်၊ ပုပ်ရဟန်းမင်းကြီး၏ ယခင်တိုက်ခန်း အင်တာနက်ပေါ်လေလံတင်၊ ဆမ်ဆောင်းက ဂြိုဟ်တုမိုဘိုင်းလ်ဖုန်းဈေးကွက်တင်ပြီ၊ ကျားများအတွက်ဘိုးဘွားရိပ်သာ အိန္ဒိယကထူထောင်ရန်ရှိ စသည့် နိုင်ငံတကာသတင်းများ၊ သုံးသပ်ချက်ဆောင်းပါးများ၊ စီးပွားရေး၊ ကျန်းမာရေး၊ အားကစားနှင့် ဖျော်ဖြေရေးကဏ္ဍစုံလင်စွာကို e-Empire Media House ဖုန်း-၅၄၈၈၈၁ က မြန်မာတစ်ပြည်လုံးဖြန့်ချိလိုက်ပြီဖြစ်သည်။

(က-ပ)

ထူးခြားသည့် နေ့အပူချိန်များ

၂၉-၅-၂၀၀၅

မုံရွာ

၄၃ ဒီဂရီ စင်တီဂရိတ်

(၁၀၉ ဒီဂရီ ဖာရင်ဟိုက်)

ရွှေဘို၊ မြင်းခြံ၊ ညောင်ဦး၊ မင်းဘူး၊ မကွေးနှင့် ပခုက္ကူ

၄၂ ဒီဂရီ စင်တီဂရိတ်

(၁၀၈ ဒီဂရီ ဖာရင်ဟိုက်)

ဝန်ကြီး ဦးအောင်သောင်း ပခုက္ကူချည်မျှင်နှင့် အထည်စက်ရုံ(စီမံကိန်း)စစ်ဆေး စက်များတပ်ဆင်ပြီးစီးမှုအခြေအနေနှင့် စက်စမ်းသပ်ခြင်းလုပ်ငန်းများကို ကြည့်ရှု

အမှတ်(၁) စက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးအောင်သောင်း မကွေးတိုင်း ပခုက္ကူ ချည်မျှင်နှင့် အထည်စက်ရုံ (စီမံကိန်း)ရှိ စက်များ တပ်ဆင်ပြီးစီးမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးစဉ်။ (စက်မှု-၁)

ရန်ကုန် မေ ၂၉

အမှတ်(၁) စက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးအောင်သောင်းသည် တာဝန်ရှိသူများနှင့်အတူ ယနေ့ နံနက် ၇နာရီတွင် မကွေးတိုင်း ပခုက္ကူမြို့နယ်၌ မြန်မာ့အထည်အလိပ်လုပ်ငန်းက အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည့် ပခုက္ကူချည်မျှင်နှင့်အထည်စက်ရုံ(စီမံကိန်း)သို့ ရောက်ရှိပြီး ကုန်ကြမ်းသိုလှောင်ရုံ၌ အောင်လံမြို့နယ်မှ ထွက်ရှိသော (က)အဆင့်နှင့် (ခ)အဆင့်ရှိ ချည်မျှင်ရှည်ဝါဂွမ်းလိပ်များ ထားသိုမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးသည်။

ကြည့်ရှုစစ်ဆေး

ထို့နောက် ဝန်ကြီးသည် ဝါဖန် စက်၊ ဝါဖန်ဝါလိပ်စက်၊ ဗိုင်းတောင့်စက်၊ အပင်ပေါင်းစက်၊ တညင်းလုံးစက်၊ ဘီးဖီးစက်၊ ချည်ငင်စက်၊ ရက်ဖောက်စက်နှင့် လွန်းပြောင်း ရက်ကန်းစင် ၈၂၈လုံး တပ်ဆင်ပြီးစီးမှု အခြေအနေများ၊ စက်စမ်းသပ်ခြင်း လုပ်ငန်းများကို ကြည့်ရှုစစ်ဆေးသည်။

မှာကြား

ဆက်လက်၍ စက်ရုံရှင်းလင်းဆောင်၌ စီမံကိန်းမန်နေဂျာ ဦးမြင့်သိန်းဦးက စီမံကိန်းဆိုင်ရာလုပ်ငန်းများ အကောင်အထည်ဖော်ပြီးစီးမှု အခြေအနေများကို ရှင်းလင်းတင်ပြရာ ဦးဆောင်ညွှန်ကြားရေးမှူး ဦးဦးသိန်းမောင်က ဖြည့်စွက်ရှင်းလင်းတင်ပြပြီး ဝန်ကြီးက မြို့ပြဆိုင်ရာလုပ်ငန်းများ၊ အင်ဂျင်နီယာပိုင်းဆိုင်ရာလုပ်ငန်းများကို အချိန်နှင့်တစ်ပြေးညီ ပြီးစီးအောင် ဆောင်ရွက်သွားရေး၊ စက်ရုံဝန်းကျင်၌ အရိပ်ရပင်၊ မြက်ပင်နှင့် ပန်းအလှပင်များ စိုက်ပျိုးသွားရေးတို့ကို မှာကြားသည်။

ထို့နောက် ဝန်ကြီးက တရုတ်ပညာရှင်များအား သစ်သီးခြင်းလက်ဆောင် ပေးအပ်သည်။

ပခုက္ကူချည်မျှင်နှင့် အထည်စက်ရုံမှာ ပခုက္ကူမြို့ ရွှေတန့်တစ်ဘုရားသို့ သွားသည့်လမ်း၌တည်ရှိသည်။ တစ်နှစ်ချည်မျှင်(၁/၃၂ချည်) ပေါင် ၃ဒသမ ၇၆၀သန်း ထွက်ရှိပြီး ပိတ်ကြမ်း(၁/၃၂ ပိတ်ကြမ်း) ကိုက် ၁၁ဒသမ ၃၄၀ သန်း ထွက်ရှိမည့် စက်ရုံဖြစ်ကြောင်း သိရှိရသည်။

ထိုမှတစ်ဆင့် ဝန်ကြီးသည် မကွေးတိုင်း ရေစကြိုမြို့နှင့် စစ်ကိုင်းတိုင်း ဆားလင်းကြီးမြို့တို့သို့ ရောက်ရှိပြီး ဝင်းသူဇာအရောင်းဆိုင်များကို ကြည့်ရှုစစ်ဆေးသည်။ (သတင်းစဉ်)

လှည့်လည်စစ်ဆေး

မော်တော်ယာဉ်မသုံးစွဲရနေ့ စစ်ဆေးကြပ်မတ်ရေးကော်မတီဥက္ကဋ္ဌ၊ သတ္တုတွင်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်အုန်းမြင့်နှင့် ကော်မတီဝင်များ မော်တော်ယာဉ်မသုံးစွဲရနေ့ စစ်ဆေးရေးအဖွဲ့များက တပ်မတော်မော်တော်ယာဉ်များနှင့် ဌာနဆိုင်ရာ မော်တော်ယာဉ်များ သွားလာသုံးစွဲမှု စစ်ဆေးနေကြသည်တို့ကို လှည့်လည်ကြပ်မတ်စစ်ဆေးစဉ်။ (သတင်းစဉ်)

ပန်းချီ၊ ကာတွန်း ပိုစတာပြိုင်ပွဲဖွင့်

ရန်ကုန် မေ ၂၉

ပဲခူးတိုင်း တောင်ငူခရိုင် အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါး အလွဲသုံးစားမှုနှင့် တရားမဝင်ရောင်းဝယ်မှု တိုက်ဖျက်ရေးနေ့ အထိမ်းအမှတ် ပန်းချီ၊ ကာတွန်း၊ ပိုစတာကွန်ပျူတာ ပိုစတာပန်းချီပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကို မေ ၁၄ရက် နံနက် ၉နာရီတွင် တောင်ငူမြို့ ခပေါင်းခန်းမ၌ ကျင်းပရာ တောင်ငူခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးရဲမြင့်က အဖွင့်အမှာစကား ပြောကြားပြီး ခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီးထွန်းရီက ပြိုင်ပွဲနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

အဆိုပါ ဖွင့်ပွဲအခမ်းအနားကို ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီး ရဲမြင့်က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။ (သတင်းစဉ်)

မော်တော်ယာဉ်မသုံးစွဲရနေ့ စစ်ဆေးကြပ်မတ်ရေးကော်မတီဥက္ကဋ္ဌ စစ်ဆေးရေးအဖွဲ့များအား လှည့်လည်စစ်ဆေးကြပ်မတ်

ရန်ကုန် မေ ၂၉

မော်တော်ယာဉ်မသုံးစွဲရနေ့ စစ်ဆေးကြပ်မတ်ရေးကော်မတီဥက္ကဋ္ဌ၊ သတ္တုတွင်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်အုန်းမြင့်သည် ကော်မတီဝင် စစ်ဆေးကြပ်မတ်ရေးအဖွဲ့-အဖွဲ့ခေါင်းဆောင် ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးတင့်ဆွေ၊ အဖွဲ့ဝင်များဖြစ်ကြသည့် မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ရဲချုပ် ဗိုလ်မှူးချုပ်ခင်ရီ၊ တပ်မတော်အရာရှိကြီးများ၊ ဌာနဆိုင်ရာအကြီးအကဲများနှင့်အတူ ယနေ့နံနက်ပိုင်းတွင်လည်းကောင်း၊ ကော်မတီဝင် စစ်ဆေးကြပ်မတ်ရေးအဖွဲ့-အဖွဲ့ခေါင်းဆောင် ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်း ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ် အေးမြင့်ကြူ၊ ဒုတိယအဖွဲ့ခေါင်းဆောင် စွမ်းအင်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်သန်းဌွေးတို့သည် အဖွဲ့ဝင်များဖြစ်ကြသည့် တွဲဖက်စစ်ရေးချုပ် ဗိုလ်ချုပ်လှရွှေ၊ တပ်မတော်အရာရှိကြီးများ၊ ဌာနဆိုင်ရာအကြီးအကဲများနှင့်အတူ ညနေပိုင်းတွင်လည်းကောင်း မော်တော်ယာဉ် မသုံးစွဲရနေ့ စစ်ဆေးရေးအဖွဲ့များက ရန်ကုန်မြို့၏ အဓိကအချက်အချာကျသောနေရာများ၌ တပ်မတော် မော်တော်ယာဉ်များနှင့် ဌာနဆိုင်ရာမော်တော်ယာဉ်များ သွားလာသုံးစွဲမှု စစ်ဆေးနေကြသည်တို့ကို လှည့်လည်စစ်ဆေးကြပ်မတ်ကြသည်။

နိုင်ငံတော်အစိုးရပိုင် မော်တော်ယာဉ်များ မသုံးစွဲရနေ့ဖြစ်သော ယနေ့တွင် စစ်ဆေးရေးအဖွဲ့များသည် နံနက် ၇နာရီမှ ညနေ ၅နာရီအထိ ရန်ကုန်မြို့၏အဓိကအချက်အချာကျသောနေရာများ၌ တပ်မတော်မော်တော်ယာဉ်များနှင့် ဌာနဆိုင်ရာမော်တော်ယာဉ်များ သွားလာသုံးစွဲရာတွင် မော်တော်ယာဉ်မသုံးစွဲရနေ့ စည်းကမ်းချက်များဖြစ်သည့် သက်ဆိုင်ရာ တပ်၊ဌာနများ၏ မော်တော်ယာဉ်သုံးစွဲခွင့်လက်မှတ် (Dry Day Pass)၊ ယာဉ်မောင်းလိုင်စင်၊ ယာဉ်လိုင်စင်(ဗီးတက်)တို့ ပါရှိခြင်း ရှိ၊ မရှိနှင့် ဌာနဆိုင်ရာဝတ်စုံများ ဝတ်ဆင်ခြင်း ရှိ၊ မရှိတို့ကို စစ်ဆေးကြပြီး ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းဆိုင်ရာများကိုလည်း စစ်ဆေးကြသည်။ (သတင်းစဉ်)

သွေးတိုးရောဂါ ကာကွယ်ထိန်းသိမ်းပါ

၁။ ကိုယ်အလေးချိန်ပုံမှန်ဖြစ်ရန် ထိန်းသိမ်း၍ အဝ မလွန်အောင် နေထိုင်စားသောက်ပါ။
၂။ ပုံမှန်ကိုယ်လက်လှုပ်ရှားမှုပြုလုပ်ပါ။ နေ့စဉ် နာရီဝက်၊ တစ်နာရီခန့် ခပ်သွက်သွက် လမ်းလျှောက်ခြင်းကဲ့သို့သော ကိုယ်လက်လှုပ်ရှားမှု ပြုလုပ်ပါ။
၃။ ဟင်းသီးဟင်းရွက်၊ အသီးအနှံများများ စားသုံးပါ။
၄။ စိတ်ဖိစီးမှု နည်းပါးအောင် နေထိုင်ပါ။
၅။ အငန်ဓာတ်ပါသော ငါးပိ၊ ငါးခြောက်၊ ဟင်းချိုမှုန့် စသည့် အစားအစာများကို ရှောင်ကြဉ်ပါ။
၆။ အဆီကို လွန်ကဲစွာစားသုံးခြင်းမှ ရှောင်ကြဉ်ပါ။
၇။ အရက်ကို အလွန်အကျွံသောက်သုံးခြင်းမှ ရှောင်ကြဉ်ပါ။
၈။ ဆေးလိပ်သောက်ခြင်းကို ရှောင်ကြဉ်ပါ။
၉။ သွေးတိုးရောဂါရှိပါက သွေးပေါင် မှန်မှန်ချိန်၍ စနစ်တကျ ဆေးကုသမှုခံယူပါ။

ကျန်းမာရေးဝန်ကြီးဌာန

တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေ တပ်နယ်သစ်ပင်ပျိုးပွဲတော် တက်ရောက် လဂွမ်းပြင် ရေလှောင်တမံမှ ရေပေးဝေမှု ကြည့်ရှုစစ်ဆေး

ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေ ပဲခူးတပ်နယ် သစ်ပင်ပျိုးပွဲတော် အခမ်းအနားတွင် အမှတ်တရ သစ်ပင်စိုက်ပျိုးပေးစဉ်။ (ရကတ)

ရန်ကုန် မေ ၂၉

ရန်ကုန်တိုင်းစစ်ဌာနချုပ် ပဲခူးတပ်နယ် သစ်ပင်ပျိုးပွဲတော် အခမ်းအနားကို ယမန်နေ့နံနက် ၁၀ နာရီတွင် ပဲခူးတိုင်း ပဲခူးမြို့နယ်ရှိ နယ်မြေခံတပ်၌ ကျင်းပရာ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေနှင့် ဇနီး ဒေါ်ခင်သက်ဌေးတို့ တက်ရောက်အားပေးချီးမြှင့်၍ သစ်စေ့များကို ပျိုးထောင်ပေးကြသည်။

တက်ရောက်

အခမ်းအနားသို့ ပဲခူးတပ်နယ်မှူး ဗိုလ်မှူးကြီးသန့်ဆွေ၊ အင်းတိုင်တပ်နယ်မှူး ဗိုလ်မှူးကြီးဘိုလွင်နှင့် အရာရှိကြီးများ၊ အမှတ်(၃)စစ်ဒေသမှူး ဗိုလ်မှူးကြီးတင့်ဆန်း၊ တိုင်းသစ်တောဦးစီးဌာန ညွှန်ကြားရေးမှူး ဦးခင်ဝင်း၊ ပဲခူးတိုင်း(အရှေ့) သစ်တောဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဦးအေးလွင်နှင့်တာဝန်ရှိသူများ၊ မြန်မာ့စိုက်ပျိုးရေးလုပ်ငန်းမှ တာဝန်ရှိသူများ၊ တပ်နယ်အတွင်းရှိ တပ်ရင်း တပ်ဖွဲ့များမှ တပ်ရင်း တပ်ဖွဲ့မှူးများ၊ အရာရှိ၊ အရာခံ၊ အကြပ်၊ စစ်သည်များနှင့် ၎င်းတို့၏မိသားစုဝင်များ တက်ရောက်ကြသည်။

အမှာစကားပြောကြား

ရှေးဦးစွာ တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေက အမှာစကားပြောကြားရာတွင် ရန်ကုန်တိုင်းစစ်ဌာနချုပ်၏ စီစဉ်မှုဖြင့် သစ်ပင်ပျိုးပွဲတော်များကို ကျင်းပခဲ့သည်မှာ ပဲခူးတပ်နယ်သည် တတိယအကြိမ်မြောက် ကျင်းပခြင်းဖြစ်ကြောင်း။

သစ်ပင်ပျိုးပွဲတော်များအရ တပ်ပိုင်၊ တပ်ခွဲပိုင်၊ မိသားစုတစ်ပိုင်တစ်နိုင် စနစ်တကျ စိုက်ပျိုးသွားနိုင်ရေးနှင့် ပြည်သူလူထု တစ်ရပ်လုံးကပါ စိတ်ပါဝင်စားစွာ စိုက်ပျိုးလာစေရေးအတွက် တပ်များမှ စံပြအဖြစ် ပျိုးထောင်စိုက်ပျိုးသွားနိုင်ရေးအတွက် မိမိတို့တပ်နယ်၊ မြို့နယ်အတွင်း ဌာနဆိုင်ရာများ ပေါင်းစပ်ညှိနှိုင်း လှုံ့ဆော်ဆောင်ရွက်သွားကြစေလိုကြောင်း။

ရန်ကုန်တိုင်းစစ်ဌာနချုပ်အနေဖြင့် တပ်ရင်း/တပ်ဖွဲ့များ စိမ်းလန်းစိုပြည်ရေးနှင့် စီးပွားရေးကို အထောက်အကူပြုသည့် သစ်ပင်များ စိုက်ပျိုးခြင်းဖြင့် တပ်ရင်းရန်ပုံငွေ တိုးပွားစေပြီး စစ်သည်မိသားစုများ၏ သက်သာချောင်ချိရေးကို ဆောင်ရွက်ပေးနိုင်ရေးအတွက် သစ်ပင်ပျိုးပွဲတော်များနှင့် သစ်ပင်စိုက်ပွဲတော်များကို စီမံချက်ချမှတ်ပြီး ကျင်းပခဲ့ခြင်း ဖြစ်ကြောင်းဖြင့် ပြောကြားသည်။

ရှင်းလင်းတင်ပြ

ထို့နောက် ပဲခူးတပ်နယ်မှူး ဗိုလ်မှူးကြီးသန့်ဆွေက တပ်နယ်အတွင်း သစ်ပင်များ စိုက်ပျိုးပြီးစီးမှုနှင့် သစ်ပင်ပျိုးပွဲတော် ကျင်းပရခြင်းနှင့်ပတ်သက်၍ လည်းကောင်း၊ ပဲခူးတိုင်း(အရှေ့) သစ်တောဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဦးအေးလွင်က သစ်စေ့ပျိုးပင်များ စုဆောင်းထားရှိမှုနှင့် ပျိုးထောင်နည်းစနစ်များကိုလည်းကောင်း ရှင်းလင်းတင်ပြကြသည်။

ဆက်လက်၍ တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေ၊ ဇနီးနှင့် ဧည့်သည်တော်များသည် သစ်တောဦးစီးဌာနမှ ပြသထားသည့် လောင်စာချွေတာသည့် စွမ်းအားမြင့် အေဝမ်းမီးဖို၊ သစ်စေ့နမူနာများ၊ သစ်ပင်ပျိုးထောင်မှုနှင့် ပဲခူးရိုးမ စိမ်းလန်းစိုပြည်ရေး ဆောင်ရွက်မှု မှတ်တမ်းဓာတ်ပုံများကိုလည်းကောင်း၊ မြန်မာ့စိုက်ပျိုးရေးလုပ်ငန်းမှ ပြသထားရှိသည့် စိုက်ပျိုးရေးပညာပေး စာအုပ်များ၊ ပျိုးပင်များ၊ စိုက်ပျိုးရေးလုပ်ငန်းသုံးပစ္စည်း ကိရိယာများနှင့် ဆေးဝါးများ၊ စိုက်ပျိုးမြေ အမျိုးအစားနှင့် စပါးမျိုးကောင်း မျိုးသန့်နမူနာများကိုလည်းကောင်း ကြည့်ရှုအားပေးကြသည်။

ပျိုးထောင်ပေး

ထို့နောက် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေ၊ ဇနီးနှင့် ဧည့်သည်တော်များသည် မဟော်ဂနီ၊မန်ကျည်း၊ ခရေ၊ ကုက္ကိုပင် သစ်စေ့များကို ပျိုးထုပ်များအတွင်း ထည့်သွင်းပျိုးထောင်ပေးပြီး ကျွန်း၊ ပျဉ်းကတိုးပင်များကို ပျိုးအိတ်အတွင်း ထည့်သွင်းပျိုးထောင်ပေးကြသည်။

ယင်းနောက် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေနှင့် ဇနီးတို့သည် သစ်ပင်ပျိုးပွဲတော် အထိမ်းအမှတ်အဖြစ် ကျွန်းပင်နှင့် ခရေပင်များကို အမှတ်တရ စိုက်ပျိုးပေးကြသည်။

ယနေ့ကျင်းပသည့် ပဲခူးတပ်နယ် သစ်ပင်ပျိုးပွဲတော်တွင် ရတနာတန်းဝင်ပင်၊ စီးပွားဝင် နှစ်ရှည်ပင်၊ နှစ်ရှည်စားသုံးပင်၊ အရိပ်ရ လေကာပင်နှင့် ပန်းအလှပင်များ၏ ပျိုးပင်ပေါင်း ၅၆၀၀၀ နှင့် မျိုးစေ့ပေါင်း ၄၂၀၀၀ ပျိုးထောင်စိုက်ပျိုးခဲ့ကြောင်း သိရှိရသည်။

စိုက်ပျိုးရေ

ထိုမှတစ်ဆင့် ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေသည် နံနက် ၁၁ နာရီတွင် ရန်ကုန်မြောက်ပိုင်းခရိုင် လှည်းကူးမြို့နယ် မင်းလွင်ကုန်းကျေးရွာ အနီး၌ လဂွမ်းပြင် ရေလှောင်တမံမှ ရေကို ပင်မတူးမြောင်းကြီးမှ တစ်ဆင့် ကျီးကန်းသိုက်၊ စိုင်တီကုန်း၊ အလံတစ်ဗိုလ်ကျေးရွာများနှင့် ပတ်ဝန်းကျင် ကျေးရွာများရှိ လယ်မြေဧက ၁၁၀၀၀ ကို စိုက်ပျိုးရေပေးဝေနိုင်ရေးအတွက် ရန်ကုန်-ပဲခူးခြောက်လမ်းသွား လမ်းမကြီးကို ဖြတ်၍ အရှည် ခုနစ်မိုင်ရှိ လက်တံ(၁) မြောင်းမကြီး ပြုလုပ်ပြီးစီးမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေက လဂွမ်းပြင်ရေလှောင်တမံမှ ရေကို လက်တံ(၁) မြောင်းမကြီးမှတစ်ဆင့် သွယ်ယူ၍ စိုက်ပျိုးရေပေးဝေခြင်းဖြင့် ဒေသခံတောင်သူလယ်သမားများအတွက် နွေစပါး၊ ဆောင်းသီးနှံများ စိုက်ပျိုးနိုင်ပြီး ဒေသတစ်ခုလုံး တစ်နှစ်ပတ်လုံး စိမ်းလန်းစိုပြည်ရေးအတွက်လည်း များစွာအထောက်အကူပြုမည်ဖြစ်သဖြင့် သတ်မှတ်ထားသည့် ရေသောက်ဧကအတိုင်း စိုက်ပျိုးရေပေးဝေနိုင်ရေး စီမံဆောင်ရွက်ကြရန် မှာကြားပြီး လိုအပ်သည်များ ပံ့ပိုးဖြည့်ဆည်းပေးသည်။

ကြည့်ရှုစစ်ဆေး

ဆက်လက်၍ တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေနှင့် အဖွဲ့သည် လှည်းကူးမြို့နယ် အင်းထားဝယ်ကျေးရွာအနီးရှိ ရဲမွန်လမ်းဖြတ် ရေပေးအဆောက်အအုံသို့ ရောက်ရှိလာပြီး အရှည် ၁၀ ဒသမ ၇၆ မိုင်ရှိ လဂွမ်းပြင်ရေလှောင်တမံ ပင်မတူးမြောင်းကို ကြည့်ရှုစစ်ဆေးရာ တိုင်းဆည်မြောင်းဦးစီးဌာန ညွှန်ကြားရေးမှူး ဦးကျော်သိန်းနှင့် တာဝန်ရှိသူများက လိုက်လံရှင်းလင်းပြသကြသည်။

ယင်းနောက် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေက ပင်မမြောင်းမကြီးပေါင်တစ်လျှောက် အစဉ်ကြံ့ခိုင်မှုရှိစေရေး ထိန်းသိမ်းဆောင်ရွက်ရန်၊ ရာသီမရွေးသွားလာနိုင်ရေးအတွက် မြေသားပေါင်တစ်လျှောက် ဂဝံလမ်းခင်းကျင်းနိုင်ရေး ပြင်ဆင်ဆောင်ရွက်ထားရန်နှင့် ဆည်ရေ အလေအလွင့်မရှိစေရေး ထိန်းသိမ်းရန် မှာကြားခဲ့သည်။ (သတင်းစဉ်)

✻ ပြည်-ဆိပ်သာမှ

အဆိုပါ ပြည်-ဆိပ်သာ ၁၀လက်မ သဘာဝဓာတ်ငွေ့ပိုက်လိုင်း ဧရာဝတီမြစ်ဖြတ် ဆက်သွယ်ခြင်းလုပ်ငန်းကို စွမ်းအင်ဝန်ကြီးဌာနနှင့် ပို့ဆောင်ရေးဝန်ကြီးဌာနတို့ ပူးပေါင်း၍ ၂၀၀၄ ခုနှစ် နိုဝင်ဘာလအတွင်းက အောင်မြင်စွာ ဆက်သွယ်ခင်းကျင်းခဲ့ခြင်းဖြစ်သည်။

ယခုအခါ ဧရာဝတီမြစ် အနောက်ဘက်ကမ်းရှိ ကြခင်းဘိလပ်မြေစက်ရုံနှင့် မြန်အောင် သဘာဝဓာတ်ငွေ့သုံး လျှပ်စစ်ဓာတ်အားပေး စက်ရုံတို့သို့ သဘာဝဓာတ်ငွေ့ကုဗပေ ၁၅သန်းခန့် နေ့စဉ်ပို့လွှတ် ပေးလျက်ရှိသည်။ (သတင်းစဉ်)

မုခ်ဦး၊ ရေချမ်းစင် ဓာတ်မီးတိုင်များ လှူဒါန်းနိုင်

ရန်ကုန် မေ ၂၉

ညောင်ဦးမြို့နယ် စဉ့်ကူမြို့ မြို့ကုန်းရပ်ကွက် အုံမြားကြီးချောင်နှင့် ဧရာဝတီမြစ်ကမ်းဘေး ပုဂံခေတ်ဦးတည်ထားခဲ့သော ဉာဏ်တော် ၈၆ ပေ၊ ဖိနပ်တော် ၈၆ ပေရှိ သမိုင်းဝင် စိန္တာမုနိစေတီတော်ကြီးအား ဗုဒ္ဓပူဇနိယဆီမီး ၉၉၀၀ အဖွဲ့(အင်းစိန်)က ဘက်စုံတည်ဆောက်လျက်ရှိရာ စေတီတော်ကြီး ရွှေဆေးသင်္ကန်းလုံးတော်ပြည့်ကပ်လှူခြင်း၊ အရံစေတီထီးတော်များ၊ သံပန်းတံခါးများ၊ ရေစုပ်စက်၊ မီးစက်များ လှူဒါန်းပြီး၍ ချောက်-ညောင်ဦး မော်တော်ကားလမ်းမပေါ်နှင့် ဘုရားကြီးရှေ့တွင် တစ်ခုလျှင် ကျပ် ၁၅၃၀၀၀၀ တန် မုခ်ဦးနှစ်ခု၊ တစ်ခုလျှင် ကျပ် ၂၇၀၀၀၀ တန် ရေချမ်းစင်နှစ်ခု၊ တစ်ခုလျှင် ကျပ် ၇၂၀၀၀ တန် မီးဆိုင်း(ဓာတ်တိုင်ပါ) လေးခုနှင့် တစ်ဖက်လျှင် ပေ ၂၂၀ ရှိ မဟာရံတံတိုင်းမှ စေတီတော်အထွတ်သို့ တစ်ခုလျှင် ကျပ် ၅၄၀၀၀ တန် ရောင်စုံမီးလုံး ၁၈၀ လုံးဖြင့် လေးခု သွယ်တန်းပူဇော်ရန် စီစဉ်ထားပါသဖြင့် လှူဒါန်းလိုသူများ (သို့) အလှူရှင်များ မိမိအစီအစဉ်နှင့် အဖွဲ့မှ သတ်မှတ်သည့် ပုံစံအတိုင်း ဆောက်လုပ်ဝယ်ယူ လှူဒါန်းလိုပါက ဆီမီး ၉၉၀၀ အဖွဲ့ရုံး၊ စုပေါင်းရုံးဝင်း၊ အင်းစိန်၊ ဖုန်း-၆၄၀၄၈၇၊ ၆၄၀၄၈၉ သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်းနှင့် အလှူရှင်များအား ကမ္ပည်းထိုးပေးမည်ဖြစ်သည်။ (က-ပ)

ယာဉ်မောင်းသူများလိုက်နာရန်

မော်တော်ယာဉ်များ မောင်းနှင်နေစဉ် လက်ကိုင်တယ်လီဖုန်း (Hand Phone) ပြောရင်း မောင်းနှင်ပါက ယာဉ်အန္တရာယ်ဖြစ်ပေါ်စေနိုင်ခြင်း၊ ယာဉ်ကို ထိန်းသိမ်းရန် ခက်ခဲခြင်းတို့ကြောင့် ယာဉ်မောင်းနှင်နေစဉ် (Hand Phone) မပြောရန် သတိပေးနိုးဆော်ထားပြီးဖြစ်သော်လည်း ယနေ့အထိ လိုက်နာခြင်း မရှိသဖြင့် အလေးထားလိုက်နာကြပါရန် ထပ်မံသတိပေးနိုးဆော်အပ်ပါသည်။ (အရေးကြီး၍ ဖုန်းပြောရန် လိုအပ်ပါက လက်ကိုင်ဖုန်းအစား သီးခြားနားကြပ်ခွက်ဖြင့် ပြောဆိုသည့် Hand Free ကိရိယာတပ်ဆင်၍ အသုံးပြုနိုင်ပါသည်။)

ယာဉ်စည်းကမ်းထိန်းသိမ်းရေးကြီးကြပ်မှုကော်မတီ

မသန့်ရှင်းသောရေကြောင့် ဖြစ်ရသောရောဂါများ ကာကွယ်ရေး နှိုးဆော်ချက်

၁။ ပြည်သူလူထုအတွင်း မသန့်ရှင်းသောရေကို သောက်သုံးမိခြင်းကြောင့် အောက်ပါရောဂါများ ဖြစ်ပွားစေပါသည်။
- ✻ ကာလဝမ်းရောဂါ
- ✻ အသည်းရောင်အသားဝါရောဂါ
- ✻ အူရောင်ငန်းဖျားရောဂါ
- ✻ ပိုလီယိုအကြောသေရောဂါ
- ✻ ဝမ်းကိုက်ရောဂါ
- ✻ သန်ကောင်ရောဂါ
- ✻ အရေပြားရောဂါ

၂။ အောက်ပါအပြုအမူတို့ကြောင့် သောက်သုံးရေကို ညစ်ညမ်းစေပါသည်။
- ✻ အမှိုက်သရိုက်၊မစင်များ စနစ်တကျစွန့်ပစ်မှုမရှိခြင်း
- ✻ ရေပိုက်ပေါက်များဖြင့် ရေသွယ်ယူခြင်း
- ✻ ရေတွင်း၊ ရေကန်များအနီးတွင် အဝတ်လျှော်ခြင်း
- ✻ ရေခပ်ပုံး၊ အိုး၊ ကြိုးနှင့် ဘုံပိုင်ခေါင်းများအား စနစ်တကျ ကိုင်တွယ်သိမ်းဆည်းမှုမရှိခြင်း
- ✻ သောက်ရေအိုး၊ ရေစစ်၊ ရေခွက်၊ အဖုံး စသည်တို့ကို စနစ်တကျ သန့်ရှင်းစွာ မထားရှိခြင်း
- ✻ သောက်သုံးရေ ကိုင်တွယ်သုံးစွဲသူ တစ်ကိုယ်ရေသန့်ရှင်းမှုညံ့ဖျင်းခြင်း

ထို့အပြင် မိုးရာသီကာလတွင် ရေကြီးရေလျှံခြင်းများကြောင့် သောက်သုံးရေကန်များအတွင်းသို့ မသန့်ရှင်းသောရေများစီးဝင်ပြီး ရောဂါဖြစ်ပွားစေနိုင်ပါသည်။

၃။ သို့ပါ၍ မသန့်ရှင်းသောရေကြောင့် ဖြစ်ပွားသည့်ရောဂါများမှ ကာကွယ်ရန် ပြည်သူလူထုအားလုံးသည် အောက်ပါတို့ကို လိုက်နာကျင့်သုံးကြပါရန် နှိုးဆော်အပ်ပါသည်။

လိုက်နာရမည့်အချက်များ—

(၁) တစ်ကိုယ်ရေသန့်ရှင်းမှုပြုလုပ်ခြင်း
(အထူးသဖြင့် အိမ်သာမှအဆင်းနှင့် အစားအသောက်များ မကိုင်တွယ်မီ လက်နှစ်ဖက်ကို စင်ကြယ်စွာ ဆေးကြောခြင်း)
(၂) ရေစစ်အိုးဖြင့် စစ်ယူခြင်း
(၃) ကျောက်ချဉ်အသုံးပြုခြင်း
(၄) ရေကို ကျိုချက်သောက်ခြင်း

ကျန်းမာရေးဝန်ကြီးဌာန

မြန်မာ့ရုပ်မြင်သံကြားအစီအစဉ်

၃၀-၅-၂၀၀၅ (တနင်္လာနေ့)
(၁၃၆၇ခုနှစ်၊ ကဆုန်လပြည့်ကျော်(၈)ရက်၊ ဥပုသ်နေ့)

နံနက်ပိုင်း

၇:၀၀ ၁။ **ကျေးဇူးရှင် မင်းကွန်းဆရာတော်ကြီး နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင်ချုပ်၊ အဘိဓဇ မဟာရဋ္ဌဂုရု၊ အဘိဓဇ အဂ္ဂမဟာ သဒ္ဓမ္မ ဇောတိက၊ တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက ဆရာတော် ဘဒ္ဒန္တ ဝိစိတ္တသာရာဘိဝံသ၏ ပရိတ်တရားတော်**
၇:၂၅ ၂။ ကျန်းမာဖို့ အတူကစားစို့
၇:၃၀ ၃။ နံနက်ခင်းသတင်း
၇:၄၀ ၄။ သံသာချိုအေးမင်္ဂလာတေး
၇:၅၅ ၅။ ပြည်ထောင်စုတိုင်းရင်းသားရိုးရာတေးသံသာ
၈:၁၀ ၆။ ချစ်စရာ့အရွယ် ကကြိုးသွယ်
၈:၂၀ ၇။ အဆိုပြိုင်ပွဲ
၈:၃၀ ၈။ International News.
၈:၄၅ ၉။ Grammar Made Easy.
၉:၀၀ ၁၀။ အစီအစဉ်ပြီး၏။

ညပိုင်း

၄:၀၀ ၁။ စစ်ချီတေး၊စစ်သည်တေး
၄:၁၅ ၂။ မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ
၄:၃၀ ၃။ Demonstration Exercises for Correct Pronunciation.
၄:၄၅ ၄။ တေးဂီတအစီအစဉ်
၅:၀၀ ၅။ အဝေးသင်တက္ကသိုလ်ပညာရေး ရုပ်မြင်သံကြားသင်ခန်းစာ – တတိယနှစ် (သင်္ချာအထူးပြု) (သင်္ချာ)
၅:၁၅ ၆။ အကပဒေသာ
၅:၂၀ ၇။ လက်ဆင့်ကမ်းပေးဂီတတေး
၅:၄၀ ၈။ ပြည်ထောင်စုတိုင်းရင်းသားရိုးရာ အဆိုအကများ
၅:၄၅ ၉။ "ဆေးလိပ်ကင်းကွာ အနုပညာကမ္ဘာ"(လွင်မိုး၊ မင်းမော်ကွန်း၊ ဇာနည်၊ ကင်းကောင်၊စိုးမြတ်နန္ဒာ၊လှအဥ္စလီတင့်၊ ကြည်လဲ့လဲ့ဦး၊ ဂွမ်းပုံ)
၅:၅၅ ၁၀။ တေးဂီတအစီအစဉ် (မြန်မာ့အသံ ခေတ်ပေါ်တေးဂီတအဖွဲ့ ဖျော်ဖြေခန်း)
၆:၀၅ ၁၁။ Discovery.
၆:၁၀ ၁၂။ **နိုင်ငံခြားကာတွန်းဇာတ်လမ်းတွဲ "မျောက်မင်းဂူခုန်း" (အပိုင်း-၉၇)**
၆:၃၀ ၁၃။ ညနေခင်းသတင်း
၇:၀၀ ၁၄။ မိုးလေဝသအခြေအနေ
၇:၀၅ ၁၅။ "ဆေးလိပ်ဆေးရွက် ဆန့်ကျင်ရေး ပညာရှင်များ ဦးဆောင်ပေး"
၇:၂၀ ၁၆။ တေးဂီတအစီအစဉ်
၇:၃၅ ၁၇။ စက်မှုစွမ်းအား ခေတ်ကျော်လွှား
၈:၀၀ ၁၈။ ပြည်တွင်းသတင်း
၁၉။ နိုင်ငံတကာသတင်းများ
၂၀။ မိုးလေဝသအခြေအနေ
၂၁။ **နိုင်ငံခြားဇာတ်လမ်းတွဲ "ယောမန်ဆောင်း၏ ချစ်သံစဉ်" (အပိုင်း-၂၁)**
၂၂။ **မင်းကွန်း ဆရာတော်ကြီး ဦးဝိစိတ္တသာရာဘိဝံသ၏ အရုပ်ဆယ်မျက်နှာ မေတ္တာဘာဝနာပွားများခြင်း တရားတော်**
၂၃။ နောက်တစ်နေ့အစီအစဉ်
၂၄။ အစီအစဉ်ပြီး၏။

ဘွဲ့တံဆိပ်တော်ရ ဗဟန်းမြို့နယ် ငါးထပ်ကြီးကျောင်းတိုက် နာယကချုပ် ဆရာတော်အား ဂုဏ်ပြုပူဇော်ပွဲကျင်းပ

ရန်ကုန် မေ ၂၉

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏ ဓမ္မကထိက ဗဟုဇနဟိတဓရ ဘွဲ့တံဆိပ်တော် ဆက်ကပ်လှူဒါန်းပူဇော်ခြင်းခံရသော ရန်ကုန်တိုင်း ဗဟန်းမြို့နယ် ငါးထပ်ကြီးကျောင်းတိုက် နာယကချုပ်ဆရာတော် ဘဒ္ဒန္တ ဝါယမ(သာသနဓဇ ဓမ္မာစရိယ ဒီဃဘာဏက)အား ဂုဏ်ပြုပူဇော်ပွဲအခမ်းအနားကို ယနေ့နံနက် ၈နာရီတွင် ငါးထပ်ကြီးကျောင်းတိုက် တိုင်တစ်ရာကျောင်း၌ကျင်းပရာ နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ ဒုတိယဥက္ကဋ္ဌ အောင်မြေဘုံစံကျောင်းဆရာတော် ဘဒ္ဒန္တ ပညိန္ဒာဘိဝံသ၊ ရန်ကုန်တိုင်း သံဃနာယကအဖွဲ့ဥက္ကဋ္ဌ ဘဒ္ဒန္တ ကောသလ္လနှင့် ပင့်သံဃာတော်များ ကြွရောက်တော်မူကြပြီး သာသနာရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရမြင့်မောင်နှင့် သာသနာရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများ၊ ငါးထပ်ကြီးဘုရားဂေါပကအဖွဲ့ဝင်များ၊ အလှူရှင် ဒါယကာ၊ ဒါယိကာမများ တက်ရောက်ကြည်ညိုကြသည်။

ရှေးဦးစွာ ရန်ကုန်တိုင်း သံဃနာယကအဖွဲ့ဥက္ကဋ္ဌ ဘဒ္ဒန္တ ကောသလ္လထံမှ ဒေသ့ပရိသတ်များက ငါးပါးသီလ ခံယူဆောက်တည်ကြပြီး ဆရာတော် သံဃာတော်များ ရွတ်ပွားသရဇ္ဈာယ်ကြသည့် မေတ္တသုတ် ပရိတ်တရားတော်ကို နာယူကြသည်။

ထို့နောက် သာသနာရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရမြင့်မောင်နှင့် ငါးထပ်ကြီးဘုရား ဂေါပကအဖွဲ့ဝင်များ၊ အလှူရှင်များက လှူဖွယ်ပစ္စည်းများနှင့် အလှူငွေများကို ဂုဏ်ပြုခံ ဆရာတော် ဘဒ္ဒန္တ ဝါယမနှင့် ဆရာတော် သံဃာတော်များအား ဆက်ကပ်လှူဒါန်းကြသည်။

ဆက်လက်၍ ဓမ္မကထိကဗဟုဇနဟိတဓရ ဘွဲ့တံဆိပ်တော်ရ ဆရာတော် ဘဒ္ဒန္တ ဝါယမ၏ ထေရုပ္ပတ္တိအကျဉ်းနှင့် သာသနာရေးဆိုင်ရာ ဆောင်ရွက်ချက်များကို မြန်မာ့ရုပ်မြင်သံကြားမှ ဒေါ်ခင်မိုးဥက ဖတ်ကြားလျှောက်ထားပြီး ဂုဏ်ပြုပူဇော်သော ရတုပိုဒ်စုံနှင့် ရှစ်ဆယ်ပေါ်တေးထပ်များကို သီကျူးပူဇော်သည်။

ထို့နောက် နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ ဒုတိယဥက္ကဋ္ဌ အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇအဂ္ဂ မဟာသဒ္ဓမ္မဇောတိက အောင်မြေဘုံစံကျောင်း ဆရာတော် ဘဒ္ဒန္တ ပညိန္ဒာဘိဝံသက လှူဒါန်းမှုအစုစုတို့အတွက် ရေစက်ချ တရားချီးမြှင့်ပြီး အလှူရှင်များက ရေစက်သွန်းချ အမျှပေးဝေကြသည်။

(သတင်းစဉ်)

အင်းစိန်မြို့နယ် သာသနဟိတကာရီ ပရိယတ္တိစာသင်တိုက် ဘုန်းတော်ကြီးသင် ပညာရေးမူလတန်းလွန်ကျောင်းဖွင့်ပွဲကို မေ ၂၉ရက်က မြို့သစ် (က–ခ)ရပ်ကွက်(က–၃)လမ်းရှိ အဆိုပါစာသင်တိုက်၌ ကျင်းပရာ နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ အဖွဲ့ဝင် အင်းစိန်ရွာမ ပရိယတ္တိစာသင်တိုက် တိုက်အုပ်ဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တ တိလောကာဘိဝံသနှင့် ရန်ကုန်မြောက်ပိုင်းခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး ဗိုလ်မှူးချစ်ညွန့်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်စဉ်။ (၆၁)

ဘက်စုံပြုပြင်မှုလုပ်ငန်းများအတွက် ဆက်သွယ်လှူဒါန်းနိုင်

ရန်ကုန် မေ ၂၉

မွန်ပြည်နယ် မော်လမြိုင်မြို့ရှိ သမိုင်းဝင် ကျိုက်သလ္လံစေတီတော်မြတ်ကြီး၏ ပရိဝုဏ်အတွင်းအပြင် ဘက်စုံပြုပြင် တည်ဆောက်မှုလုပ်ငန်းများ စတင်ဆောင်ရွက်လျက်ရှိသည်။ တည်ဆောက်မှုလုပ်ငန်းများအတွက် ပါဝင်လှူဒါန်းလိုသူများသည် ကျိုက်သလ္လံစေတီတော်မြတ်ကြီး၏ ဖုန်း–၀၅၇–၂၁၃၃၄၊ မော်လမြိုင်ခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးတင်အောင် ဖုန်း–၀၅၇–၂၄၈၇၈နှင့် ဘဏ္ဍာတော်ထိန်း ဂေါပကအဖွဲ့ ဘဏ္ဍာရေးမှူး ဦးခင်မောင်ဝင်း ဖုန်း–၀၅၇–၂၃၀၀၄တို့ထံ ဆက်သွယ် လှူဒါန်းနိုင်ကြောင်းသိရသည်။

(က–ပ)

မြန်မာနိုင်ငံ ရေကူးအဖွဲ့ချုပ်ဥက္ကဋ္ဌ ဒေါက်တာခင်ရွှေက ဆုရရှိသူတစ်ဦးအား အောင်နိုင်ဆုချီးမြှင့်စဉ်။

(ကြေးမုံ)

အိုလံပစ်ကော်မတီဥက္ကဋ္ဌဖလား သက်တမ်းအလိုက် ရေကူးပြိုင်ပွဲကျင်းပ

ရန်ကုန် မေ ၂၉

မြန်မာနိုင်ငံ အိုလံပစ်ကော်မတီဥက္ကဋ္ဌဖလား တံခွန်စိုက်အမျိုးသား၊ အမျိုးသမီး သက်တမ်းအလိုက် ရေကူးပြိုင်ပွဲကို ယနေ့မွန်းလွဲ ၂နာရီမှစ၍ အမျိုးသားရေကူးကန်တွင် ကျင်းပသည်။

ပြိုင်ပွဲတွင် အမျိုးသား၊ အမျိုးသမီး ပွဲစဉ် စုစုပေါင်း ၅၉ပွဲကျင်းပပြီး ဆုရရှိသူများအား မြန်မာနိုင်ငံ ရေကူးအဖွဲ့ချုပ် ဥက္ကဋ္ဌ ဒေါက်တာခင်ရွှေ၊ အတွင်းရေးမှူး ဦးချိုမောင်၊ ဘဏ္ဍာရေးမှူး ဦးဟန်ထွန်းမောင်နှင့် အမှုဆောင်များ၊ တာဝန်ရှိသူများက အောင်နိုင်ဆုများပေးအပ်ချီးမြှင့်ကြသည်။ (ကြေးမုံ)

အရှေ့တောင်အာရှပွဲအကြို မြန်မာလှေလှော်အဖွဲ့ လက်ရည်စမ်းမည်

ရန်ကုန် မေ ၂၉

ဖိလစ်ပိုင်နိုင်ငံတွင် ကျင်းပမည့် (၂၃)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲတွင် အောင်မြင်မှု မြင့်မြင့်မားမားရရှိရေးအတွက် ကြိုတင်ပြင်ဆင်လျက်ရှိသော မြန်မာနိုင်ငံ လှေလှော်အဖွဲ့ချုပ်သည် ပြိုင်ပွဲအကြိုအဖြစ် လက်ရည်စမ်းသည့်အနေဖြင့် နိုင်ငံတကာပြိုင်ပွဲများသို့ ဝင်ရောက်ယှဉ်ပြိုင်မည်ဖြစ်သည်။

နိုင်ငံတကာလက်ရည်စမ်းပြိုင်ပွဲအဖြစ် စင်ကာပူနိုင်ငံတွင် ဇွန် ၂ရက်မှ ၅ရက်အထိ ကျင်းပမည့် (၁၀)ကြိမ်မြောက် မာရသွန်အပြည်ပြည်ဆိုင်ရာ လှေလှော်ပြိုင်ပွဲနှင့် မလေးရှား နိုင်ငံတွင် ဇွန် ၁၀ရက်မှ ၁၂ရက်အထိ ကျင်းပမည့် (၂၆) ကြိမ်မြောက် ပီနန်အပြည်ပြည်ဆိုင်ရာ နဂါးလှေလှော်သဘင်ပွဲတော် (၂၀၀၅)တို့တွင် ပါဝင်ယှဉ်ပြိုင်မည်ဖြစ်သည်။

ဝင်ရောက်ယှဉ်ပြိုင်မည်

မြန်မာနိုင်ငံ လှေလှော်အဖွဲ့ချုပ်သည် မာလွန်လှေလှော်ပြိုင်ပွဲ၌ အမျိုးသမီးအသင်း၊ ပီနန်နဂါး လှေလှော်သဘင်ပွဲတော်၌ အမျိုးသားအသင်းတို့ ဝင်ရောက်ယှဉ်ပြိုင်မည်ဖြစ်သည်။

ဆွတ်ခူးရရှိခဲ့

မြန်မာလှေလှော်အဖွဲ့သည် စင်ကာပူ မာလွန်လှေလှော်ပြိုင်ပွဲ၌ အောင်မြင်မှုရရှိခဲ့ဖူးပြီး ယခုအကြိမ်၌ အမျိုးသမီး လိုက်ဝိတ်နှစ်ယောက်တွဲ မီတာ ၂၀၀၀ ပြိုင်ပွဲနှင့် အမျိုးသမီး လိုက်ဝိတ် တစ်ဦးချင်း မီတာ ၂၀၀၀ပြိုင်ပွဲတို့ ဝင်ရောက်ဆင်နွှဲမည်ဖြစ်သည်။ မလေးရှား ပီနန်နဂါး လှေလှော်သဘင်ပွဲတော်ကို မြန်မာလှေလှော်အဖွဲ့အနေဖြင့် ၁၉၉၆ခုနှစ်က တစ်ကြိမ်သာ ဝင်ရောက်ယှဉ်ပြိုင်ခဲ့ရာ ရွှေတံဆိပ်နှစ်ခု ဆွတ်ခူးရရှိခဲ့သည်။

ယခုတစ်ကြိမ်တွင်လည်း မြန်မာလှေလှော်အဖွဲ့သည် ပြိုင်ပွဲရှစ်မျိုးကျင်းပမည့်အနက် သုံးမျိုးယှဉ်ပြိုင်ရန်လျာထားပြီး အမျိုးသားအပြည်ပြည်ဆိုင်ရာ မီတာ ၅၀၀ (၁၂)ဦးပြိုင်ပွဲ၊ အမျိုးသားအပြည်ပြည်ဆိုင်ရာ မီတာ ၅၀၀ (၂၀)ဦးပြိုင်ပွဲနှင့် အမျိုးသားအလွတ်တန်း မီတာ ၁၀၀၀ (၂၀)ဦးပြိုင်ပွဲတို့ ဖြစ်သည်။

မာလွန်လှေလှော်ပြိုင်ပွဲဝင်မည့် မြန်မာလှေလှော်အဖွဲ့တွင် အဖွဲ့ခေါင်းဆောင်အဖြစ် ဒေါက်တာသန်းတိုး (အထွေထွေ အတွင်းရေးမှူး၊ အဖွဲ့ချုပ်)၊ အုပ်ချုပ်သူအဖြစ် ဒေါ်ခင်သီတာအောင်၊ နည်းပြအဖြစ် ဒုအရာခံဗိုလ်ကျော်ဝင်း၊ အားကစားသမားများအဖြစ် မြင့်မြင့်ထွေးနှင့် ရွှေဇင်လတ်တို့ ပါဝင်ကြသည်။

ပီနန်လှေသဘင်ပွဲ

ပီနန်လှေသဘင်ပွဲတော် ယှဉ်ပြိုင်မည့် မြန်မာ့ရိုးရာလှေလှော်အဖွဲ့တွင် အဖွဲ့ခေါင်းဆောင်အဖြစ် ဦးထွန်းဦး (ဒုတိယဥက္ကဋ္ဌ၊ အဖွဲ့ချုပ်)၊ အုပ်ချုပ်သူအဖြစ် ဒေါက်တာသန်းတိုး (အတွင်းရေးမှူး၊ အဖွဲ့ချုပ်)၊ လက်ထောက်အုပ်ချုပ်သူအဖြစ် ဦးသီရိ၊ ဆေးမှူးအဖြစ် ဒေါက်တာသိင်္ဂီလှိုင်၊ နည်းပြအဖြစ် ဒုအရာခံဗိုလ်ဝင်းဖေ၊ အားကစားသမားများအဖြစ် မျိုးဇော်၊ သန်းဝင်း၊ ရန်ပိုင်၊ အောင်လင်း၊ သန်းထွန်း၊ အောင်ကျော်မိုး၊ ဝင်းထိုက်၊ အောင်လွင်စိုး၊ ဇော်ဇော်၊ သန့်ဇင်၊ ထွန်းထွန်းနိုင်၊ ဖုန်းမြင့်တေဇာ၊ မောင်မောင်အေး၊ ရွှေလှဝင်း၊ အောင်ကိုမင်း၊ အေးမင်းထွန်း၊ ဝင်းနိုင်ဦး၊ စိုင်းမင်းဦး၊ ထွန်းထွန်းလင်း၊ သူရကျော်နှင့် မျိုးမင်းတို့ ပါဝင်ကြသည်။ (ကြေးမုံ)

ဥကပ်နေသောရေချိုပုစွန်တုပ်ကြီးများမဖမ်းရန် ပညာပေးနှိုးဆော်ချက် (၂/၉၇)

တန်ခူး၊ ကဆုန်၊ နယုန်လများတွင် ဥကပ်နေသော (သို့) ဥနှင့်ပြည့်ဝနေသော ရေချိုပုစွန်တုပ်ကြီးများ သည် မြန်မာနိုင်ငံတစ်ဝန်းလုံးရှိ မြစ်ချောင်း၊ အင်းအိုင်များတွင် ဥချရန် ပြင်ဆင်လျက်ရှိပါသည်။ ၎င်းတို့မှ မကြာမီ ထောင်ပေါင်းများစွာသော ပုစွန်များလည်း ပေါက်ဖွားလာတော့မည်ဖြစ်ပါသည်။

အကယ်၍ အဆိုပါဥကပ်နေသော (သို့) ဥနှင့်ပြည့်ဝနေသော ပုစွန်တုပ်ကြီးများအား ဖမ်းဆီးသတ်ဖြတ်ခဲ့ပါက ၎င်းတို့မှ ပုစွန်သားလောင်းများ မပေါက်ဖွားနိုင်တော့ဘဲ မျိုးပြုန်းတီးရာလည်း ရောက်စေပါသည်။ ရေချိုပုစွန်များ ပေါများကြွယ်ဝလာစေရန် ယခုကဲ့သို့ ဥကပ်နေသောရာသီချိန်တွင်ဖမ်းဆီးခြင်းမပြုဘဲ ဘေးမဲ့ပေးမှသာ ထုတ်လုပ်မှုအား မြင့်မားလာပြီး အမျိုးသားစီးပွားရေး ဖွံ့ဖြိုးလာမည်ဖြစ်ပါသည်။

ဥကပ်နေသော (သို့) ဥနှင့်ပြည့်ဝနေသော ပုစွန်တုပ်ကြီးများအားဖမ်းဆီးခြင်း၊ သတ်ဖြတ်ခြင်း၊ သယ်ယူခြင်း၊ သိုလှောင်ခြင်း၊ လက်ဝယ်ထားရှိခြင်း၊ အရောင်းအဝယ်ပြုလုပ်ခြင်းများမပြုလုပ်ရန် မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာန ငါးလုပ်ငန်းဦးစီးဌာနမှ အမိန့်ကြော်ငြာစာအမှတ် ၁/၉၂ဖြင့် တားမြစ်ထားပါသည်။ အဆိုပါတားမြစ်ချက်ကို လိုက်နာခြင်းမရှိပါက ရေချိုငါးလုပ်ငန်းဥပဒေပုဒ်မ ၄၂၊ ၄၄၊ ၄၅ ပါ ပြဋ္ဌာန်းချက်များအရ တရားစွဲဆို အရေး ယူခြင်း ခံရမည်ဖြစ်ပါသည်။

သို့ဖြစ်ပါ၍ ရေချိုပုစွန်တုပ်များ ရေရှည်တည်တံ့နေစေရန် ယခုကဲ့သို့သော ဥကပ်ရာသီချိန်တွင် ဖမ်းဆီးခြင်းမပြုဘဲ နေရာတိုင်းတွင် ဘေးမဲ့ပေးကြပါရန် အသိပေးနှိုးဆော်အပ်ပါသည်။

မွေးမြူရေးနှင့်ရေလုပ်ငန်းဝန်ကြီးဌာန
ငါးလုပ်ငန်းဦးစီးဌာန။

မှတ်သားဖွယ်ရာ မိုးရေချိန်များ (၂၉-၅-၂၀၀၅)

ထားဝယ်	– ၂ ဒသမ ၁၆ လက်မ
ရေး	– ၁ ဒသမ ၁၈ လက်မ
တံတားဦး	– ၀ ဒသမ ၉၈ လက်မ
ဖျာပုံ	– ၀ ဒသမ ၉၈ လက်မ

● **အာရှ-ဥရောပမှ**

မြန်မာအားကစားအဖွဲ့တွင် အဖွဲ့ခေါင်းဆောင်အဖြစ် လိုက်ပါသွားမည့် အားကစားနှင့် ကာယပညာဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးသိန်းအောင်က ယှဉ်ပြိုင်ရမည့် ပြိုင်ပွဲအနေအထားနှင့်ပတ်သက်၍ "ယခုပြိုင်ပွဲကို အာရှနိုင်ငံများနှင့် ဥရောပနိုင်ငံများ ပူးပေါင်းကျင်းပသည့် အစည်းအဝေးမှ

"ယခုလို ပြိုင်ပွဲများ ကျင်းပပေးခြင်းကြောင့် လူငယ်မျိုးဆက်သစ်များ ပြတ်မသွားဘဲလူကြီးပြိုင်ပွဲများကို အထောက်အကူ ပြုလာနိုင်မည်" မြန်မာအားကစားအဖွဲ့ခေါင်းဆောင် ဦးသိန်းအောင် (ဒုတိယညွှန်ကြားရေးမှူးချုပ်၊ အား/ကာ) ပြောကြားစဉ်။ ဓာတ်ပုံ-စိုးညွှန့်(ကြေးမုံ)

အထိမ်းအမှတ်ပွဲအဖြစ် ကျင်းပရန် ဆုံးဖြတ်ခဲ့ခြင်းဖြစ်ကြောင်း၊ မိမိတို့အနေဖြင့် ပြိုင်ပွဲ၌ကျင်းပမည့် ပြိုင်ပွဲခြောက်မျိုးစလုံး ဝင်ရောက်ယှဉ်ပြိုင်မည်ဖြစ်ကြောင်း၊ ယခုသွားရောက်ယှဉ်ပြိုင်မည့် ကစားသမားအားလုံးမှာ အသက်(၂၀)နှစ်အောက်များဖြစ်ကြောင်း၊ ဘောလုံးမှာလည်း အသက်(၂၀)နှစ်အောက်အသင်းဖြစ်ကြောင်း၊ ဘောလုံးအသင်းမှာ စည်းလုံးညီညွတ်မှု၊ အသင်းလိုက်စုစည်းအားကောင်းနေ၍ ထိုက်သင့်သည့်အဆင့် ရောက်နိုင်ပြီး ပြေးခုန်ပစ်က တာဝေးမှာဆုတံဆိပ်မှန်းနိုင်ကြောင်း၊ စားပွဲတင်တင်းနစ်က အသက် ၁၅နှစ်အောက်ပြိုင်ပွဲ၌ အလားအလာပိုကောင်းကြောင်း၊ ပြိုင်ဘက်များကို လက်ရည်တူ ယှဉ်ပြိုင်နိုင်မည်ဖြစ်ကြောင်း၊ ရေကူးနှင့်ကြက်တောင်မှာ အာရှထိပ်သီး၊ကမ္ဘာ့ထိပ်သီးနိုင်ငံများပါဝင်နေ၍ အတော်ကြိုးစားရမည်ဖြစ်ကြောင်း၊ ထို့အတူ တင်းနစ်မှာလည်း ကြိုးစားရမည်ဖြစ်ကြောင်း၊ လူငယ်ပြိုင်ပွဲဖြစ်၍ အောင်မြင်မှုမည်မျှရမည်ကို မပြောနိုင်ကြောင်း၊ မည်သို့ပင်ဆိုစေ လူငယ်ကစားသမားအတွက် အတွေ့အကြုံများစွာရရှိကြောင်း၊ မိမိအနေဖြင့် ယခုလို လူငယ်ပြိုင်ပွဲများ ကျင်းပပေးခြင်းကြောင့် လူငယ်မျိုးဆက်သစ်များ ပြတ်မသွားဘဲလူကြီးပြိုင်ပွဲများအတွက် အထောက်အကူ ပြုနိုင်မည်ဟု ထင်ကြောင်း" ပြောကြားသွားသည်။

အာရှ-ဥရောပ ရေကူးအားကစားပြိုင်ပွဲဝင်မည့် မြန်မာရေကူးအားကစားအဖွဲ့မှ အုပ်ချုပ်သူ ဦးချိုမောင် (အတွင်းရေးမှူး၊ အဖွဲ့ချုပ်)က "ယခုပြိုင်ပွဲမှာ လူငယ်ပြိုင်ပွဲဖြစ်၍ လူငယ်ကစားသမားများ များစွာအကျိုးရှိကြောင်း၊ ယခုအာရှ-ဥရောပ လူငယ်ရေကူးပြိုင်ပွဲကို ဝင်ရောက်ယှဉ်ပြိုင်ခြင်းဟာ ရေရှည်အောင်မြင်အောင် ကြိုးပမ်းနေသည့် မိမိတို့အဖွဲ့ချုပ်၏ ပထမခြေလှမ်းဖြစ်ကြောင်း၊ မိမိတို့အဖွဲ့ချုပ်အနေဖြင့် ကစားသမားများ ပြည်ပအတွေ့အကြုံများရရှိအောင် နိုင်ငံတကာပြိုင်ပွဲများကို စေလွှတ်ယှဉ်ပြိုင်စေမည်ဖြစ်ကြောင်း၊ မည်သို့ပင်ဆိုစေ ယခုယှဉ်ပြိုင်ပွဲ ယှဉ်ပြိုင်လိုက်သည့်အတွက် ဆီးဂိမ်းအတွက်များစွာ အထောက်အကူပြုပြီး အလားအလာကောင်းသွားကြောင်း၊ ကစားသမားများ ရဲရဲတင်းတင်းယှဉ်ပြိုင်ရဲကာ အတွေ့အကြုံသစ်များ ရရှိမည်ဖြစ်ကြောင်း၊ ပြိုင်ဘက်နိုင်ငံများက မည်

"အနိုင်မခံ အရှုံးမပေးစိတ်ဓာတ်ဖြင့် ပြိုင်ဘက်များကို ယှဉ်ပြိုင်သွားမည်" မြန်မာရေကူး အားကစားအဖွဲ့ အုပ်ချုပ်သူ ဦးချိုမောင် ပြောကြားစဉ်။ ဓာတ်ပုံ-စိုးညွှန့်(ကြေးမုံ)

သည့်အဆင့်ရှိသည့် ကစားသမားများက ယှဉ်ပြိုင်မည်ဆိုတာ မသိရသေး၍ မိမိတို့ဘယ်အဆင့်ရောက်မည်ကို မပြောနိုင်ကြောင်း၊ အားကစားဝန်ကြီးဌာနဝန်ကြီး၏ မှာကြားချက်အတိုင်း အနိုင်မခံ အရှုံးမပေး စိတ်ဓာတ်ဖြင့် အင်တိုက်အားတိုက် ကစားကာ ပြိုင်ဘက်များကို ယှဉ်ပြိုင်သွားမည်ဖြစ်ကြောင်း" ပြောကြားသည်။

မြန်မာအားကစားအဖွဲ့

ပြိုင်ပွဲဝင် မြန်မာအားကစားအဖွဲ့ကို အဖွဲ့ခေါင်းဆောင်အဖြစ် အားကစားနှင့် ကာယပညာဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးသိန်းအောင်၊ ဒုတိယအဖွဲ့ခေါင်းဆောင်အဖြစ် ဦးတင်အောင်၊ ဒုတိယညွှန်ကြားရေးမှူး (အား/ကာ)ဆရာဝန်အဖြစ် ဒေါက်တာတင့်လွင်၊ လက်ထောက်ဆရာဝန် (အား/ကာ)သူနာပြုအဖြစ် ဦးကိုကိုကြီး၊ သူနာပြု(၃) (အား/ကာ)တို့ လိုက်ပါသွားမည်ဖြစ်သည်။

ဘောလုံး

ဘောလုံး အားကစားအဖွဲ့တွင် အုပ်ချုပ်သူအဖြစ် ဦးတင်ဟန်(နည်းပြချုပ်၊အဖွဲ့ချုပ်)၊ နည်းပြအဖြစ် ဦးဆန်းဝင်း(ဆောက်လုပ်ရေး)၊ ကစားသမားများအဖြစ် ကျော်ဇင်ထက်(အား/ကာသိပ္ပံ၊ ရန်ကုန်)၊သီဟစည်သူ(အား/ကာသိပ္ပံ၊ ရန်ကုန်)၊ ထွန်းလင်းအောင်(ဆောက်လုပ်ရေး)၊ မျိုးဇော်ထွန်း(စီးပွား/ကူးသန်း)၊ စိုင်းစံလှိုင်(တံခွန်)၊ အောင်ဆန်းဦး(ကမ္ဘောဇ)၊ ဝင်းဇော်အောင်(မြို့တော်စည်ပင်)၊ နိုင်နိုင်လင်း(တံခွန်)၊ စိုးသီဟအောင်(ဆောက်လုပ်ရေး)၊ အောင်မျိုးသန့်(လယ်ယာ/ထွက်ကုန်)၊ အောင်မိုး(တံခွန်)၊ လှအေးထွေး(မြို့တော်စည်ပင်)၊ ရာဇာဝင်းသိန်း(စီးပွား/ကူးသန်း)၊ အောင်ရဲထွဋ်(လယ်ယာထွက်ကုန်)၊ ဟိန်းဇာထွန်း(တံခွန်)၊ စိုးမင်းဦး(တံခွန်)၊ မင်းမင်းထွန်း(စက်မှု-၁)၊ မိုးဝင်း(စီးပွား/ကူးသန်း)တို့ ပါဝင်ကြသည်။

ပြေးခုန်ပစ်

ပြေးခုန်ပစ် အားကစားအဖွဲ့တွင် အုပ်ချုပ်သူအဖြစ် ဒေါ်ခင်ညို (လက်ထောက် ညွှန်ကြားရေးမှူး၊ အား/ကာ)၊ ကစားသမားများအဖြစ် ချိုချိုအေး(ပြည်ထဲရေး)၊ ဂျူးဂျူးမ(မြို့တော်စည်ပင်)တို့ ပါဝင်သည်။

ကြက်တောင်

ကြက်တောင် အားကစားအဖွဲ့တွင် အုပ်ချုပ်သူနည်းပြအဖြစ် ဦးရော်ဘင်တင် [ပစ္စည်းထိန်း(၂) အင်ဂျင်နီယာဌာန၊ သစ်တော]၊ ကစားသမားအဖြစ် သံလွင်အောင်(စက်မှု-၁)နှင့် တေဇာဖြိုး(အထက-၄၊အလုံ)တို့ပါဝင်သည်။

ရေကူး

ရေကူးအားကစားအဖွဲ့တွင် အုပ်ချုပ်သူနည်းပြအဖြစ် ဦးချိုမောင်(အတွင်းရေးမှူး၊ အဖွဲ့ချုပ်)၊ ကစားသမားများအဖြစ်အောင်ကျော်မိုး(ဒဂုံတက္ကသိုလ်)နှင့် ကျော်ဇင်တို့ ပါဝင်ကြသည်။

စားပွဲတင်တင်းနစ်အားကစားအဖွဲ့တွင် အုပ်ချုပ်သူအဖြစ် ဦးကျော်ကျော်(ဥက္ကဋ္ဌ၊ အဖွဲ့ချုပ်)၊ ကစားသမားများအဖြစ် ဘုန်းငွေစည်(ပို့ဆောင်ရေး)၊ သက်ကိုကိုလတ် (အလက-၂၊ ဒဂုံ)၊ ရဲအောင်နိုင် (TTC ကမာရွတ်)နှင့် သီဟနိုင် (TTC ကမာရွတ်)တို့ပါဝင်ကြသည်။

တင်းနစ်

တင်းနစ် အားကစားအဖွဲ့တွင် အုပ်ချုပ်သူနည်းပြအဖြစ် ဦးအောင်မိုး(သစ်တော)၊ ကစားသမားများအဖြစ် ကျော်ဇောနိုင်၊ ညီညီထွန်း (အထက-၁၊ မင်္ဂလာတောင်ညွန့်)၊ ဖြိုးမင်းသာ (အထက-၁၊ မင်္ဂလာတောင်ညွန့်)၊ ချစ်စုရည်(အထက-၁၊ မင်္ဂလာတောင်ညွန့်)နှင့် ဆုဝေဖြိုးတို့ပါဝင်ကြသည်။

သရုပ်ပြမည့် ခြင်းလုံးအားကစားအဖွဲ့တွင် အုပ်ချုပ်သူအဖြစ် ဦးသန်းမောင်၊ အားကစားသမားများအဖြစ် မြတ်စိုး(စက်မှု-၁)၊ အောင်မြတ်လင်း(ဘဏ္ဍာ/အခွန်)၊ အောင်စိုးမိုး(ဘဏ္ဍာ/အခွန်)၊ သန်းလွင်ဝင်း(ကာကွယ်ရေး) နှင့် သက်နိုင်(ကာကွယ်ရေး)တို့ပါဝင်ကြသည်။

မြန်မာအားကစားအဖွဲ့သည် မေ ၃၁ရက်တွင် ထိုင်းနိုင်ငံသို့လေကြောင်းခရီးဖြင့် ထွက်ခွာမည်ဖြစ်ကြောင်း သိရသည်။

(ကြေးမုံ)

ပြည်တွင်းခရီးသွားများအတွက် ခရီးစဉ်များ စီစဉ်ဆောင်ရွက်ပေးလျက်ရှိ

ရန်ကုန် မေ ၂၉

မြန်မာ့ခရီးသွားလုပ်ငန်းဌာနက ပြည်တွင်းခရီးသွားများ မြန်မာပြည်အနှံ့ လွယ်ကူစွာနှင့် စရိတ်သက်သာစွာ ခရီးသွားလာနိုင်စေရန် စီစဉ်ဆောင်ရွက်ပေးလျက်ရှိရာ အစုအဖွဲ့အလိုက်ဖြစ်စေ၊ အဖွဲ့ငယ်အလိုက်ဖြစ်စေ သွားလာနိုင်ပြီး ရန်ကုန်မြို့နှင့် အနီးဆုံး အပန်းဖြေခရီးစဉ်များဖြစ်သည့် ရန်ကုန်-ငွေဆောင်-ရန်ကုန်၊ ရန်ကုန်-ချောင်းသာ-ရန်ကုန်(၂ည/၃ရက်)ခရီးစဉ်များကို အပတ်စဉ်သောကြာနေ့တိုင်း အားလပ်ရက်များတွင် သွားလာနိုင်စေရန် စီစဉ်ဆောင်ရွက်ထားကြောင်း သိရသည်။

အထူးဈေးနှုန်းဖြင့် ပထမဆုံးခရီးစဉ်ကို လာမည့် ဇွန် ၃ရက် မွန်းလွဲ ၂နာရီမှစ၍ ရန်ကုန်မှထွက်ခွာပြီး ချောင်းသာ၊ ငွေဆောင်မှ ဇွန် ၅ရက် နံနက် ၁၁နာရီတွင် ပြန်လည်ထွက်ခွာပေးမည်ဖြစ်သည်။

ထို့အပြင် ရန်ကုန်-ပဲခူး-မိုးယွန်းကြီးအင်း-ရန်ကုန်(၁ည/၂ရက်) ခရီးစဉ်ကိုလည်း ဆက်လက်စီစဉ်ဆောင်ရွက်ပေးနေရာ ရက်တိုအားလပ်ရက်များတွင် ရန်ကုန်မြို့မှ အစုအဖွဲ့လိုက်ဖြစ်စေ၊ မိသားစုအလိုက်ဖြစ်စေ သွားရောက်နိုင်ကြောင်းနှင့် အလားတူ ပုံမှန်ခရီးစဉ်များကိုလည်း အထူးဈေးနှုန်းများဖြင့် ပို့ဆောင်ပေးလျက်ရှိရာ မြန်မာ့ခရီးသွားလုပ်ငန်းဌာန အမှတ်(၇၇-၉၁) ဆူးလေဘုရားလမ်း ရန်ကုန်မြို့ ဖုန်း-၂၅၂၈၅၉၊ ၃၈၇၀၀၂ တို့သို့ ဆက်သွယ်စုံစမ်းနိုင်သည်။ (သတင်းစဉ်)

ကျန်းမာရေးအသိပညာပေးဟောပြော ကလေးပြိုင်ပွဲနှင့်သားကောင်းမိခင်ပြိုင်ပွဲကျင်းပ

ရန်ကုန် မေ ၂၉

ရှမ်းပြည်နယ် (မြောက်ပိုင်း) မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းကြီးကြပ်ရေးအဖွဲ့မှ ကြီးမှူး၍ အရှေ့မြောက်တိုင်းစစ်ဌာနချုပ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း၏ ကျန်းမာရေးအသိပညာပေးဟောပြောပွဲ ကလေးပြိုင်ပွဲနှင့် သားကောင်းမိခင်ပြိုင်ပွဲ အခမ်းအနားကို မေ ၁၄ ရက်မွန်းလွဲ ၁ နာရီက လားရှိုးမြို့ တိုင်းစစ်ဌာနချုပ် ခန်းမဆောင်၌ ကျင်းပရာ အခမ်းအနားသို့ ရှမ်းပြည်နယ်(မြောက်ပိုင်း) မိခင်နှင့်ကလေးစောင့်ရှောက်ရေးကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ၊ အရှေ့မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး၏ဇနီး ဒေါ်ခင်သန့်စင်၊ တိုင်းစစ်ဌာနချုပ်မှ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းဝင်များ၊ တပ်ရင်း/တပ်ဖွဲ့များမှ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဝင်များ တက်ရောက်ကြသည်။

အစီအစဉ်အရ နယ်မြေခံတပ်မတော်ဆေးရုံမှ ဗိုလ်မှူးဇော်လွင်နှင့် တာဝန်ရှိသူများက ကျန်းမာရေးဆိုင်ရာ သိကောင်းစရာများကို အသိပညာပေးဟောပြောကြသည်။ ဆက်လက်၍ ကလေးပြိုင်ပွဲဆုရကလေးများအား တာဝန်ရှိသူများက ဆုများ ပေးအပ်ချီးမြှင့်ကြသည်။

ထို့နောက် တိုင်းမှူး၏ဇနီး ဒေါ်ခင်သန့်စင်က သားကောင်းမိခင်ဆုများနှင့် အမြွှာမွေးသော ကလေးများအတွက် မိခင်များအား ဆေးဝါးနှင့်အာဟာရပစ္စည်းများ ထောက်ပံ့ပေးအပ်၍ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

(သတင်းစဉ်)

သတိပေးနှိုးဆော်ချက်

ယာဉ်မတော်တဆမှုများ ဖြစ်ပွားရာတွင် ယာဉ်၏ထိုင်ခုံတွင် ထိုင်၍ မောင်းနှင်စီးနင်းသူများ အနေဖြင့် ခါးပတ်မပတ်ကြ၍ မလိုလားအပ်သော ထိခိုက်ဒဏ်ရာရ သေဆုံးမှုများ ဖြစ်ခဲ့ကြရပါသည်။ သို့ပါ၍ ခါးပတ်ပါရှိသော ယာဉ်များပေါ် တွင် မောင်းနှင်စီးနင်းသူများအနေဖြင့် ခါးပတ်ပတ်၍ စီးနင်းကြပါရန် သတိပေးနှိုးဆော်ခဲ့ပြီး ဖြစ်သော်လည်း ယနေ့အထိ လိုက်နာခြင်းမရှိကြောင်း တွေ့ရသဖြင့် အလေးထား လိုက်နာဆောင်ရွက်ကြပါရန် ထပ်မံသတိပေး နှိုးဆော်အပ်ပါသည်။

ယာဉ်စည်းကမ်းထိန်းသိမ်းရေးကြီးကြပ်မှုကော်မတီ

AIDS ရောဂါပညာပေးနှိုးဆော်ချက်

AIDS ရောဂါကူးစက်စေသောနည်းလမ်းများ

- AIDS ရောဂါသည် HIV ဗိုင်းရပ်(စ်)ပိုး ကူးစက်မှုကြောင့်ဖြစ်သည်။
- AIDS ရောဂါကူးစက်စေသောနည်းလမ်းများမှာ
  * ရောဂါပိုးရှိသူနှင့် လိင်ဆက်ဆံခြင်း
  * မသန့်ရှင်းသော ဆေးထိုးအပ်၊ ဆေးထိုးပြွန်များကို မျှဝေသုံးစွဲခြင်း
  * HIV ပိုးပါသောသွေးနှင့် သွေးပစ္စည်းများကို သွင်းမိခြင်း
  * ရောဂါပိုးရှိသော ကိုယ်ဝန်ဆောင်မိခင်မှ သန္ဓေသားသို့ ကူးစက်ခြင်းတို့ဖြစ်ပါသည်။
- HIV ပိုးရှိနေသူကို အပြင်ပန်းအမြင်ဖြင့် မသိနိုင်သောကြောင့် ရောဂါကူးစက်မှုမခံရအောင် အစဉ်အမြဲသတိရှိပါ။

AIDS ရောဂါမကူးစက်နိုင်သောနည်းလမ်းများ

AIDS ရောဂါမကူးစက်နိုင်သောနည်းလမ်းများမှာ

- ချောင်းဆိုးနှာချေခြင်း
- သာမန်ထိတွေ့မှုများဖြစ်သော လက်ဆွဲနှုတ်ဆက်ခြင်း၊ ဖက်ခြင်း၊ အရေပြားချင်း ထိတွေ့ခြင်း၊
- ပန်းကန်၊ခွက်၊ ဇွန်း၊ တယ်လီဖုန်း၊ အိမ်သာ၊ တံခါးလက်ကိုင်၊ ထိုင်ခုံတို့ကို အတူတူ သုံးစွဲခြင်းတို့ကြောင့် မကူးစက်နိုင်ပါ။

AIDS ရောဂါသည် တစ်ဦးမှတစ်ဦးသို့သာမန်အားဖြင့် လွယ်ကူစွာ မကူးစက်နိုင်သဖြင့် AIDS ဝေဒနာရှင်များကို ပစ်ပယ်ခွဲခြားခြင်း မပြုဘဲကြင်နာစွာ ပြုစုစောင့်ရှောက်ပါ။

AIDS ရောဂါကာကွယ်ရန် နည်းလမ်းများ

AIDS ရောဂါကို ကာကွယ်ရန်ဆေးနှင့် ပျောက်ကင်းအောင် ကုသရန်ဆေးမပေါ်သေးပါ။ ထို့ကြောင့် မိမိတို့၏ အပြုအမူကို ဆင်ခြင်ခြင်းသည်သာ အကောင်းဆုံးကာကွယ်နည်းဖြစ်သည်။

AIDS ရောဂါမကူးစက်စေရန်အတွက်

- လိင်အပျော်အပါးလိုက်စားခြင်းကို ရှောင်ကျဉ်ပါ။ မရှောင်နိုင်ပါက အကာအကွယ် ကွန်ဒုံးကို စနစ်တကျအသုံးပြုပါ။
- အိမ်ထောင်ရှိသူများ တစ်လင်တစ်မယားစနစ်ကျင့်သုံးပြီး မိမိအိမ်ထောင်ဖက်အချင်းချင်း အပြန်အလှန် သစ္စာရှိပါ။
- မူးယစ်ဆေးဝါးကို လုံးဝမသုံးစွဲပါနှင့်။
- ဆေးထိုးရန်လိုအပ်ပါက တစ်ခါသုံးဆေးထိုးအပ်ကိုသာ အသုံးပြုပါ။

AIDS ရောဂါကြုံတွေ့သူ များအား ပြုစုစောင့်ရှောက်ရေး

- HIV ပိုးကူးစက်ခံရသူများသည် အကျင့်စာရိတ္တပျက်ယွင်းသူများ မဟုတ်သောကြောင့် ဝေဒနာရှင်များအား နှိမ့်ချဆက်ဆံခြင်း မပြုလုပ်ဘဲ နှစ်သိမ့်ကူညီအားပေးပါ။
- AIDS ရောဂါကြုံတွေ့သူများကို ကြည်ဖြူစွာနာလက်တွဲကူမှသာ ဝေဒနာရှင်များ၏ သက်တမ်း ပိုမိုကြာရှည်ပြီး သူတို့၏ ကိုယ်စွမ်းဉာဏ်စွမ်းများကို အသုံးချနိုင်ကာ လူ့လောကအား အကျိုးပြုရင်း အဓိပ္ပာယ်ရှိရှိ နေထိုင်သွားနိုင်မည်ဖြစ်ပါသည်။

ကျန်းမာရေးဝန်ကြီးဌာန

မုဒုံမြို့နယ်တွင် ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များဖွင့် စာအုပ်နှင့် အလှူငွေပေးအပ်လှူဒါန်းပွဲများ ကျင်းပ

ရန်ကုန် မေ ၂၉

မွန်ပြည်နယ် မုဒုံမြို့နယ် ကွမ်တာကျေးရွာ ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်နှင့် သာယာကုန်းကျေးရွာ မိုးသောက်ကြယ် ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်ဖွင့်ပွဲ အခမ်းအနားများကို မေ ၂၆ ရက် နံနက်ပိုင်းတွင် ယင်းစာကြည့်တိုက်များ၌ ကျင်းပရာ မွန်ပြည်နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးဝင်းကြည်၊ မုဒုံမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးကျော်ကျော်မောင်နှင့် အဖွဲ့ဝင်များ၊ မော်လမြိုင်ခရိုင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိနှင့် မြို့နယ်ဦးစီးမှူးများ၊ ဌာနဆိုင်ရာများနှင့် အလှူရှင်များ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

အခမ်းအနားများတွင် မုဒုံမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီဥက္ကဋ္ဌ ဦးကျော်ကျော်မောင်နှင့် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်မို့မို့စန္ဒာထွန်းတို့က စာကြည့်တိုက်များကို ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြသည်။

ရှင်းလင်းပြောကြား

ဆက်လက်၍ စာအုပ်နှင့် အလှူငွေများ လှူဒါန်းပွဲကို အဆိုပါ စာကြည့်တိုက်များ၌ ကျင်းပရာ မုဒုံမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီဥက္ကဋ္ဌ ဦးကျော်ကျော်မောင်က အဖွင့်အမှာစကားပြောကြားပြီး မော်လမြိုင်ခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဦးဝင်းကြည်နှင့် ဦးတင်ထွန်းတို့က ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များ ဖွင့်လှစ်ရခြင်းနှင့် ရေရှည် တည်တံ့ခိုင်မြဲရေး အကြောင်းကို ရှင်းလင်း ပြောကြားသည်။

ပေးအပ်လှူဒါန်း

ထို့နောက် စာအုပ်များနှင့် အလှူငွေများကို ပေးအပ်လှူဒါန်းကြရာ ကွမ်တာကျေးရွာ ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်အတွက် မွန်ပြည်နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးဝင်းကြည်က စာအုပ်မျိုးစုံ ၅၀၊ မုဒုံမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန ဒေါ်မို့မို့စန္ဒာထွန်းက စာအုပ်မျိုးစုံ ၅၀၊ အလှူရှင် ဦးအောင်လွန်းက ငွေကျပ် တစ်သောင်းနှင့် ဦးယုတိတ်က ငွေကျပ်တစ်သောင်းတို့ကို လည်းကောင်း၊ သာယာကုန်းကျေးရွာ မိုးသောက်ကြယ် ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်အတွက် မော်လမြိုင်ခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန ဦးစီးအရာရှိ ဦးတင်ထွန်းက စာအုပ်မျိုးစုံ ၅၀၊ ဒုတိယအရာခံဗိုလ် မျိုးမင်းအောင်က စာအုပ်မျိုးစုံ ၆၀၊ စာရေးဆရာမ တက္ကသိုလ်နန်းဖြူဖြူထွန်းက စာအုပ်မျိုးစုံ ၈၀၊ အလှူရှင် ဒေါ်တင်တင်ဌေးက စာအုပ်မျိုးစုံ ၃၅ အုပ်၊ ဒေါ်ညွန့်သိန်းက စာအုပ်မျိုးစုံ ၂၀၊ ဒေါ်ခင်စီက စာအုပ်မျိုးစုံ ၃၅အုပ်၊ ဒေါ်စန်းမော်က စာအုပ်မျိုးစုံ ၆၀၊ မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်မို့မို့စန္ဒာထွန်းက စာအုပ်မျိုးစုံ ၅၀ တို့ကိုလည်းကောင်း အသီးသီးပေးအပ်လှူဒါန်းကြရာ သက်ဆိုင်ရာ ကျေးရွာ အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီဥက္ကဋ္ဌ၊ စာကြည့်တိုက် ကြီးကြပ်ရေး ကော်မတီဥက္ကဋ္ဌတို့က အသီးသီး လက်ခံရယူကြပြီး ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။

(သတင်းစဉ်)

ချစ်ကြည်ရေးပွဲ အင်္ဂလန်က အမေရိကန်ကိုနိုင်

ဝါရှင်တန် မေ ၂၉

အင်္ဂလန်လက်ရွေးစင်အသင်းနှင့် အမေရိကန် လက်ရွေးစင်အသင်းတို့၏ ချစ်ကြည်ရေး ခြေစမ်းဘောလုံးပြိုင်ပွဲကို အမေရိကန်နိုင်ငံ ချီကာဂိုမြို့တွင် စနေနေ့ကကျင်းပရာ အင်္ဂလန်အသင်းက နှစ်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိသွားသည်။

သွင်းယူ

အင်္ဂလန်လက်ရွေးစင် အသင်းအတွက် နှစ်ဂိုးစလုံးကို မန်ချက်စတာယူနိုက်တက်ကလပ် အသင်းမှ လူငယ်ဘောလုံးသမားရစ်ချက်ဆန်က သွင်းယူခဲ့ခြင်းဖြစ်သည်။ ရစ်ချက်ဆန်က ပထမဂိုးကို ၄ မိနစ်တွင် ပြစ်ဒဏ်ဘောမှ တိုက်ရိုက်သွင်းယူခဲ့ပြီး ဒုတိယဂိုးကို ၄၄ မိနစ်တွင် ဂျိုးကိုးလ်ပေးသည့် ဘောလုံးမှတစ်ဆင့် သွင်းယူခဲ့ခြင်းဖြစ်သည်။

မျှော်လင့်

စပိန်နိုင်ငံ ရီးယဲမဒရစ်ကလပ်တွင် သွားရောက်ကစားနေသူ အင်္ဂလန်အသင်းခေါင်းဆောင် ဒေးဗစ်ဘက်ဟမ်းနှင့် မိုက်ကယ်အိုဝင်တို့နှစ်ဦးမှာ အင်္ဂါနေ့တွင် နယူးဂျာစီ၌ကစားမည့် ကိုလံဘီယာနှင့်ပွဲတွင် ပါဝင်မည်ဟု မျှော်လင့်ရသည်။

အမ်အင်အေ၊ဆင်ဟွာ။

ပြင်သစ်အိုးပင်းတင်းနစ်ပြိုင်ပွဲ ဆက်လက်ကျင်းပ လင်ဆေးဒါဗင်ပို့က ကလစ်စတန်းကို အနိုင်ရ

ပါရီ မေ ၂၉

ပြင်သစ် အိုးပင်းတင်းနစ်ပြိုင်ပွဲ စတုတ္ထအကျော့ပွဲစဉ်ကို ပြင်သစ်နိုင်ငံ ပါရီမြို့ရှိ ရိုးလင်းဂါရော့စ် အားကစားရုံတွင် တနင်္ဂနွေနေ့က ကျင်းပရာ အမေရိကန်ပြည်ထောင်စုမှ ထိပ်တန်းတင်းနစ်မယ် လင်ဆေးဒါဗင်ပို့က ဘယ်လ်ဂျီယံနိုင်ငံမှ ကလစ်စတန်းကို ၁-၆၊ ၇-၅၊ ၆-၃ ဖြင့် အနိုင်ရရှိကာ ၁၉၉၉ ခုနှစ်နောက်ပိုင်း ပထမဆုံးအကြိမ်အဖြစ် ကွာတားဖိုင်နယ်သို့ တက်လှမ်းနိုင်ပြီဖြစ်သည်။

ပြိုင်ပွဲတွင် မိမိအနိုင်ရရှိခြင်းအတွက် ဂုဏ်ယူဝမ်းမြောက်မှုဖြစ်ရကြောင်း ဒါဗင်ပို့က ပြောကြားသည်။

တက်လှမ်းလာ

အသက် (၂၈)နှစ်အရွယ်ရှိ ဒါဗင်ပို့နည်းတူ ကွာတားဖိုင်နယ်သို့ တက်လှမ်းလာသူ အမျိုးသမီးတင်းနစ်မယ်တစ်ဦးမှာ ဘူဂေးရီးယားနိုင်ငံသူ ဆက်ဆဲလ် ကာရာတန်ချီဗာဖြစ်သည်။

မေ ၂၈ရက်က ကျင်းပသော ပြင်သစ် အိုးပင်းတင်းနစ်ပြိုင်ပွဲ၏ စတုတ္ထအကျော့ပွဲစဉ်သို့ တက်လှမ်းလာနိုင်သော ရုရှားအမျိုးသမီး လေးဦးအနက် နှစ်ဦးမှာ မာရီယာ ရှာရာပိုဗာနှင့် ဆဗက်လာနာ ကူဇနက်ဆိုဗာတို့ဖြစ်ကြပြီး ၎င်းတို့သည် လွန်ခဲ့သည့်နှစ်က ဂရင်းဆလင်း တင်းနစ်ချန်ပီယံဆုများ ရရှိခဲ့ကြသူများဖြစ်သည်။

ကာရာတန်ချီဗာသည် အသက် (၁၅)နှစ်အရွယ်သာရှိသေးပြီး ကွာတားဖိုင်နယ်ပွဲအဆင့်အထိ တက်လှမ်းလာနိုင်ခြင်းအတွက် အားလုံးက အံ့အားသင့်ကြသည်။

သူမသည် ပြင်သစ်အိုးပင်တင်းနစ်ပြိုင်ပွဲတွင် ပထမဆုံးအကြိမ် ပါဝင်ကစားသူဖြစ်သည်။

ရိုက်တာ။

ပါရီမြို့ရှိ ရိုးလင်းဂါရော့စ်အားကစားရုံတွင် တနင်္ဂနွေနေ့က ကျင်းပသည့် ပြင်သစ်အိုးပင်းတင်းနစ်ပြိုင်ပွဲ၏ စတုတ္ထအကျော့ပွဲတွင် လင်ဆေးဒါဗင်ပို့ ယှဉ်ပြိုင်ကစားစဉ်။ *(ဓာတ်ပုံ-အင်တာနက်)*

မိုးဦးကျနှင့် မိုးရာသီတွင်ဖြစ်ပွားတတ်သော ရောဂါများအတွက် နှိုးဆော်ချက်

၁။ မိုးဦးကျရာသီတွင်အောက်ဖော်ပြပါ ကူးစက်တတ်သောရောဂါများ ပုံမှန်ဖြစ်ပွားလေ့ရှိပါသည်-

(က) ဝမ်းပျက်ဝမ်းလျှောနှင့် ကာလဝမ်းရောဂါများအပါအဝင် ဝမ်းနှင့် ပတ်သက်သည့်ရောဂါများ၊ အသည်းရောင် အသားဝါရောဂါနှင့် သန်ကောင်၊ တုပ်ကောင်ရောဂါများ။

(ခ) သွေးလွန်တုပ်ကွေးနှင့်ငှက်ဖျားရောဂါ

(ဂ) တုပ်ကွေး၊ နှာစေးချောင်းဆိုးနှင့် အဆုတ်အအေးမိရောဂါ။

၂။ ဖြစ်ပွားရသည့်အကြောင်းရင်းမှာ-

(က) မိုးဦးကျလာပြီဖြစ်၍ လှိုင်လှိုင်ပေါလာသည့် အချိုဓာတ်ပါသော သရက်သီး၊ ပိန္နဲသီး၊ ဖရဲသီး၊ ကြက်မောက်သီး၊ မင်းဂွတ်သီး စသည့် သစ်သီးဝလံများ၏အခွံ၊ အစေ့ စသည်များကို စည်းကမ်းမဲ့ မဆင်မခြင် စွန့်ပစ်ခြင်းကြောင့် ယင်ပေါက်ပွား၍ ယင်ပေါများခြင်း။

(ခ) ရာသီစာ အမှည့်လွန်အသီးများကို စားသုံးခြင်း။

(ဂ) မိုးရွာပြီး ရေတင်၊ ရေဝပ်သဖြင့်ရေအိုင်၊ ရေဗွက်ဖြစ်၍ ရေမြောင်း ပိတ်ခြင်းနှင့် ချုံနွယ်ပိတ်ပေါင်းထူထပ်၍ ခြင်ပေါက်ပွားခြင်း။

(ဃ) ရာသီဥတုအပြောင်းအလဲဖြစ်၍ အပူရှပ်ခြင်း၊ အအေးပတ်ခြင်း။

(င) ပတ်ဝန်းကျင်သန့်ရှင်းမှုနှင့် တစ်ကိုယ်ရေသန့်ရှင်းမှုနည်းပါးခြင်း။

(စ) ကျန်းမာရေးနှင့်ညီညွတ်သည့် အသိပညာနှင့် အလေ့အကျင့် အားနည်း ခြင်း။

၃။ အောက်ဖော်ပြပါတို့ကို လိုက်နာကျင့်သုံးခြင်းဖြင့် ဖော်ပြပါရောဂါများ ကူးစက်ပျံ့နှံ့ခြင်းမှ ကာကွယ်တားဆီးနိုင်မည်ဖြစ်ကြောင်း တိုက်တွန်းနှိုးဆော် အပ်ပါသည်-

(က) အမှည့်လွန်အသီးများကိုစားသုံးခြင်းမှ ရှောင်ကြဉ်ပါ။

(ခ) ယင်နားစာများကို မဆင်မခြင်စားသုံးခြင်းမှ ရှောင်ကြဉ်ပါ။

(ဂ) စားကြွင်းစားကျန် အမှိုက်သရိုက်များနှင့် အညစ်အကြေးများကို စည်းကမ်းမဲ့စွန့်ပစ်ခြင်းမှ ရှောင်ကြဉ်ပါ။

(ဃ) မိမိတို့မိသားစုအတွင်း ကျန်းမာရေးအသိပညာဖြန့်ဝေပါ။ လိုက်နာကျင့်သုံးပါ။

(င) တစ်ကိုယ်ရေသန့်ရှင်းရေးကို ဂရုပြုလိုက်နာ ဆောင်ရွက်ပါ။

(စ) ရေကို ကျိုချက်၍သောက်ပါ။

(ဆ) လတ်ဆတ်သန့်ရှင်းသည့် အသီးအနှံနှင့် အစားအစာများကို ပူပူနွေးနွေး ချက်ပြုတ်စားသုံးပါ။

(ဇ) ရာသီဥတု၊ အပူအအေးအပြောင်းအလဲကို သတိရှိပါ။

(ဈ) ပတ်ဝန်းကျင်သန့်ရှင်းရေးလုပ်ငန်းနှင့် ခြင်၊ ယင် နှိမ်နင်းရေးလုပ်ငန်းများကို အမျိုးသားရေးအမြင်ဖြင့် ဝိုင်းဝန်းစုပေါင်းဆောင်ရွက်ပါ။

(ည) ရောဂါတစ်မျိုးမျိုး ဖြစ်ပွားပျံ့နှံ့လာပါက ကျန်းမာရေးဌာနသို့ အမြန်ဆုံး သတင်းပို့ပါ။

(ဋ) လိုအပ်ပါက နီးရာဆေးပေးခန်း၊ ဆေးရုံများသို့ အချိန်မီသွားရောက် ပြသစစ်ဆေးကုသမှု ခံယူပါ။

ကျန်းမာရေးဝန်ကြီးဌာန။

ငါးရစ်၊ ငါးသန်ရာသီချိန်တွင် ငါးမဖမ်းရန် ပညာပေးနှိုးဆော်ချက်(၁/၉၇)

ငါးရစ်ငါးသန်၊ ဘေးမဲ့ချန် ပုံမှန်စားသုံး၊ မျိုးမသုဉ်း။

မိုးဖြိုင်ဖြိုင်ရွာသော မေလနှောင်းပိုင်းနှင့် ဇွန်၊ ဇူလိုင်လများတွင် မြစ်ချောင်း၊ အင်းအိုင်အနှံ့အပြား၌ ဥများဖြင့် ပြည့်နေသော ငါးမကြီးများနှင့် မျိုးရည်ပြည့်ဝသော ငါးထီးကြီးများသည် ဥချရန်နေရာရှာဖွေ၍ ငါးရစ် တက်ကြပါသည်။

ထိုငါးရစ်ငါးများကို ဖမ်းဆီးလိုက်ပါက ပေါက်ပွားလာမည့် သန်းပေါင်းများစွာသော နုနယ်လှသည့် သားပေါက် ငါးသန်များသည်လည်း သေကြေပျက်စီးကာ တစ်နိုင်ငံလုံး ဖူလုံစွာစားသုံးမှုနှင့် အမျိုးသားစီးပွားရေး ဖွံ့ဖြိုးမှုကို အထောက်အကူမပြုတော့ဘဲ ငါးမျိုးပြုန်းတီး သွားစေနိုင် ပါသည်။

မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာန၊ ငါးလုပ်ငန်းဦးစီးဌာနမှ အမိန့်ကြော်ငြာစာအမှတ် (၂/၉၂) ဖြင့် ငါးရစ်၊ ငါးသန် ရာသီချိန်များတွင် ငါးလုပ်ငန်းဦးစီးဌာန၏ ခွင့်ပြုချက်မှတစ်ပါး ငါးများဖမ်းဆီးခြင်းမပြုရန် တားမြစ်ထားပါသည်။ အဆိုပါ တားမြစ်ချက်ကို ဖောက်ဖျက်ကျူးလွန်ပါက ရေချိုငါးလုပ်ငန်း ဥပဒေပုဒ်မ(၄၅)အရ ဖမ်းဆီးတရားစွဲအဖြစ်ပေးနိုင်ရန် ပြဌာန်းထားပါသည်။

သို့ပါ၍ ငါးရစ်တက်ချိန်နှင့် ငါးသန်သားပေါက်သော မိုးရာသီအချိန် များတွင် လွတ်လပ်စွာဥချ သားပေါက်နိုင်ရန် ဖမ်းဆီးခြင်းမပြုဘဲ ဘေးမဲ့ပေးကြပါရန် နှိုးဆော်အပ်ပါသည်။

မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာန
ငါးလုပ်ငန်းဦးစီးဌာန။

ဝေနေယျသုခရေချမ်းစင်အသင်း နှစ်(၁၀၀)ပြည့် အထိမ်းအမှတ် ဝေနေယျသုခဓမ္မာရုံကြီးရေစက်ချပွဲနှင့် ဓာတ်ပုံပြိုင်ပွဲ ဆုချီးမြှင့်ပွဲကျင်းပ

ရန်ကုန် မေ ၂၉

ရန်ကုန်မြို့ ဝေနေယျသုခရေချမ်းစင်အသင်း နှစ်(၁၀၀)ပြည့် အထိမ်းအမှတ် ငွေကျပ်သိန်း ၂၅၀တန် ဝေနေယျသုခဓမ္မာရုံကြီး ရေစက်ချလှူဒါန်းပွဲနှင့် ဓာတ်ပုံပြိုင်ပွဲဆုချီးမြှင့်ပွဲ အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် ရွှေတိဂုံ စေတီတော် အလယ်ပစ္စယာ မြောက်ဘက်မုခ်စောင်းတန်းအနီးရှိ အဆိုပါ ဝေနေယျသုခဓမ္မာရုံကြီး၌ ကျင်းပသည်။

ရှေးဦးစွာ နံနက် ၅နာရီခွဲတွင် ပင့်သံဃာတော်ကိုးပါးတို့အား အရုဏ်ဆွမ်းဆက်ကပ်လှူဒါန်းကြပြီး နိုင်ငံတော်သြဝါဒါစရိယသန်လျင်မြို့ ကျိုက်ခေါက်စေတီတော် ဂေါပကအဖွဲ့ သြဝါဒါစရိယ ဓမ္မရောင်ခြည်ကျောင်းသက်တော်ရှည် ဆရာတော် ဘဒ္ဒန္တရေဝတထံမှ ဝေနေယျသုခ ရေချမ်းစင်အသင်း နာယကများ၊ အမှုဆောင်များနှင့် အသင်းဝင်များက ငါးပါးသီလခံယူဆောက်တည်ကြသည်။

ဆက်ကပ်လှူဒါန်း

ထို့နောက် တက်ရောက်လာကြသူများက ဆရာတော် သံဃာတော်များအား သောက်ရေအေးစက် တစ်စုံစီနှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။

ရေစက်သွန်းချ

ယင်းနောက် ခြောက်ထပ်ကြီးဘုရားကြီးတိုက် သြဝါဒါစရိယ သာသနနုဂ္ဂဟကျောင်း ဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တခေမိန္ဒသာမိထံမှ ပရိသတ်များက အနုမောဒနာတရားနာယူကြပြီး အသစ်ဆောက်လုပ်ပြီးစီးသည့် ငွေကျပ်သိန်း ၂၅၀တန်ဝေနေယျသုခဓမ္မာရုံကြီး အပါအဝင် လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချ အမျှပေးဝေကြသည်။

ထို့နောက် မြန်မာနိုင်ငံ ဓာတ်ပုံအသင်းနှင့် ဝေနေယျသုခရေချမ်းစင်အသင်းတို့ ပူးပေါင်းကျင်းပသည့် ဝေနေယျသုခ ရေချမ်းစင်အသင်း နှစ်(၁၀၀)ပြည့် အထိမ်းအမှတ် "ရေချမ်းစင် ယဉ်ကျေးမှု" ဓာတ်ပုံပြိုင်ပွဲ ဆုချီးမြှင့်ပွဲကို ကျင်းပရာ အသင်းနာယကများဖြစ်ကြသည့် ဦးချစ်လှိုင်၊ ဦးထွန်းအောင်နှင့် ဦးအောင်မြင့်၊ ဥက္ကဋ္ဌ ဦးကျော်သောင်း၊ ဒုတိယဥက္ကဋ္ဌများဖြစ်ကြသည့် ဦးလှမြိုင်(ကိုဆောင်း) နှင့် ဦးသိန်းဆောင်တို့က ပထမဆုရ ဦးမြင့်သိန်း(ရှုပ)၊ ဒုတိယဆုရ ရွှေဆည်မြေထွန်းထွန်း၊ တတိယဆုရ ခင်မောင်ဝင်း(အိမ်မြင့်မိုရ်) နှင့် အထူးဆုရရှိသူများအား ဆုများချီးမြှင့်ကြပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

(သတင်းစဉ်)

ရန်ကုန်မြို့ ဝေနေယျသုခရေချမ်းစင်အသင်း နှစ်(၁၀၀)ပြည့် အထိမ်းအမှတ် ငွေကျပ်သိန်း ၂၅၀ တန် ဝေနေယျသုခဓမ္မာရုံကြီး ရေစက်ချလှူဒါန်းပွဲနှင့် "ရေချမ်းစင်ယဉ်ကျေးမှု" ဓာတ်ပုံပြိုင်ပွဲဆုချီးမြှင့်ပွဲတွင် အသင်း ဒုတိယဥက္ကဋ္ဌ ဦးလှမြိုင်(ကိုဆောင်း)က ဆုရရှိသူတစ်ဦးအား ဆုချီးမြှင့်စဉ်။ (သတင်းစဉ်)

ကျောင်းနေရွယ်ကလေးများ ပညာသင်ကြားနိုင်ရေး စာရေးကိရိယာများထောက်ပံ့

ရန်ကုန် မေ ၂၉

ဒဂုံမြို့သစ် (ဆိပ်ကမ်း)မြို့နယ် ၁၆၈ ရပ်ကွက် မြနန္ဒာလမ်းမကြီးပေါ်ရှိ ပညာအလင်းရောင် ကျောင်းတိုက် (ပရဟိတလူငယ် ဖွံ့ဖြိုးရေးရိပ်သာ)၏ ဦးစီးပဓာနနာယက ဆရာတော် ဘဒ္ဒန္တဝိမလက သက်ဆိုင်ရာ ရပ်ကွက်များရှိ ကျောင်းနေရွယ်ကလေးများ ပညာသင်ကြားရေးအဆင်ပြေစေရန် ရွေးရှုံ၍ အမှတ် ၁၀၄ ရပ်ကွက်၊ ၁၀၅ ရပ်ကွက်၊ ၁၆၈ ရပ်ကွက်နှင့် ကျီစုအရှေ့ရပ်ကွက်တို့ရှိ သူငယ်တန်းမှ ဒသမတန်းအထိ စုစုပေါင်း ကျောင်းသား ၆၀ ကို ကျောင်းအပ်နှံပြီး ကျောင်းသားဝတ်စုံများနှင့် စာရေးကိရိယာပစ္စည်းများကို မေ ၂၈ ရက်က ကျောင်းတိုက်တွင် လှူဒါန်းဒါနပြုသည်။ ကျန်ရှိနေသေးသော ကျောင်းသူ၊ ကျောင်းသားများအားလည်း ဆရာတော်က ဆက်လက်လှူဒါန်းမည်ဖြစ်ကြောင်း သိရသည်။ (က-ပ)

ကျေးရွာတိုင်း ကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်များ ထူထောင်ဖို့ ဝိုင်းဝန်းကူညီဆောင်ရွက်ခို့

၂၀၀၅ခုနှစ်၊ မေလ (၂၄)ရက်နေ့ထိ နိုင်ငံအဝန်းတွင်ကျေးရွာ ကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်(၁၇၅၇၈)တိုက် ဖွင့်လှစ်ပြီးဖြစ်ပါသည်။

ကျေးရွာကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်များအတွက် သုတ/ရသစာအုပ်များကို ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ခရိုင်/မြို့နယ်ရုံးများသို့ လှူဒါန်းနိုင်ပါသည်။

ပြန်ကြားရေးဝန်ကြီးဌာန
ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန

ကျောင်းဆောင်သစ် လွှဲအပ်ပွဲ ကျင်းပ

ရန်ကုန် မေ ၂၉

မန္တလေးမြို့ ပြည်ကြီးတံခွန်မြို့နယ် ထိန်ကုန်းရပ်ကွက်နေ အလှူရှင် ဦးအေးဝင်းမောင်-ဒေါ်လှလှ မိသားစုတို့က မြင်းခြံမြို့နယ် ဒူလဗိုလ်ကျေးရွာ ရေလည်ကျောင်း ဆရာတော်အား အမှူးထား လှူဒါန်းသော ရတနာပုံကျောင်းဆောင်သစ် လွှဲပြောင်းပေးအပ်ပွဲအခမ်းအနားကို မေ ၂၁ရက် နံနက် ၈နာရီတွင် မြင်းခြံမြို့နယ် ဒူလဗိုလ်ကျေးရွာ ဘုန်းတော်ကြီးသင် ပညာရေး အလယ်တန်းကျောင်း၌ ကျင်းပသည်။

ရှေးဦးစွာ မြင်းခြံမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးစန်းအောင်၊ မြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူးဦးမြအောင်နှင့် ကျောင်းဆောင်သစ် အလှူရှင် မိသားစုတို့က ဖဲကြိုးဖြတ်၍ ကျောင်းဆောင်သစ်ကို ဖွင့်လှစ်ပေးကြသည်။

ဆက်လက်၍ အလှူရှင် ဦးအေးဝင်းမောင်-ဒေါ်လှလှ မိသားစုတို့က ငွေကျပ် ၂၈၉သိန်းတန် ကျောင်းဆောင်သစ်နှင့် ပရိဘောဂများကို ကျောင်းအကျိုးတော်ဆောင်အဖွဲ့ ဥက္ကဋ္ဌထံ လွှဲပြောင်းပေးအပ်သည်။

အဆိုပါ အခမ်းအနားတွင် ပြည်ကြီးတံခွန်မြို့နယ် စက်မှုကွက်သစ်နေ ဦးအောင်စိုးမိသားစုက ငွေကျပ် ၁၅ သိန်းတန် ကွန်ပျူတာနှစ်စုံနှင့် ငွေပဒေသာပင်အဖြစ် ကျပ် ၁၂သိန်းကို လှူဒါန်းခဲ့ကြသည်။ (သတင်းစဉ်)

ကျန်းမာရေးဆိုင်ရာ စာတမ်းဖတ်ပွဲကျင်းပ

ရန်ကုန် မေ ၂၉

ကျန်းမာရေးဝန်ကြီးဌာန ကျန်းမာရေးစီမံကိန်းဦးစီးဌာန ဗဟိုကျန်းမာရေးပညာဌာနနှင့် နိုင်ငံတကာအစိုးရမဟုတ်သော အဖွဲ့အစည်းများ ပူးပေါင်း၍ လစဉ်ပုံမှန် ကျန်းမာရေးဆိုင်ရာ စာတမ်းဖတ်ပွဲကို မေ ၂၆ရက် မွန်းလွဲ ၂နာရီတွင် စမ်းချောင်းမြို့နယ် မြေနီကုန်းရှိ အမျိုးသား ကျန်းမာရေးပြတိုက်၌ ကျင်းပသည်။

အဆိုပါ စာတမ်းဖတ်ပွဲတွင် ဗဟိုကျန်းမာရေးပညာဌာနမှ ဒုတိယညွှန်ကြားရေးမှူး ဒေါက်တာခင်မောင်လွင်က အမှာစကားပြောကြားသည်။

ထို့နောက် နိုင်ငံတကာ အစိုးရမဟုတ်သော လူမှုရေးအဖွဲ့အစည်းတစ်ခုဖြစ်သည့် Partner အဖွဲ့မှ ဦးကျင်ခန့်လျံနှင့် အဖွဲ့ခေါင်းဆောင် U Ral Marjoric တို့က ကျောင်းများ၌ ရေကောင်းရေသန့်ရရှိရေး၊ ယင်လုံအိမ်သာ ဆောက်လုပ်ရေးနှင့် HIV/AIDS ကူးစက်ရောဂါ တားဆီးကာကွယ်ရေးလုပ်ငန်းများ၌ ပံ့ပိုးဆောင်ရွက်ချက်များနှင့် ပတ်သက်သည့် စာတမ်းများကို ဆွေးနွေးတင်ပြကြပြီး ဆွေးနွေးချက်များအပေါ် တက်ရောက်လာသူများ၏ မေးမြန်းချက်များကို ပြန်လည်ရှင်းလင်းဖြေကြားကြသည်။

စာတမ်းဖတ်ပွဲကို ဇွန် ၂၄ရက်တွင် ပြန်လည် ကျင်းပသွားမည် ဖြစ်ရာ အဆိုပါ စာတမ်းဖတ်ပွဲသို့ စိတ်ပါဝင်စားသူ မည်သူမဆို တက်ရောက်နိုင်သည်။ (သတင်းစဉ်)

"ကျန်စစ်မင်း" ဇာတ်ကား ဒုတိယပတ် ဆက်လက်ပြသ

ရန်ကုန် မေ ၂၉

မြို့လယ်ရုပ်ရှင်ရုံများတွင် ပြသဆဲ မြန်မာဇာတ်ကားများ ပရိသတ်အားပေးမှုဖြင့် ဆက်လက်ပြသနေဆဲဖြစ်သည်။

ကျန်စစ်မင်း

ပြီးခဲ့သည့် သောကြာနေ့မှစ၍ ရုံတင်ပြသခဲ့သည့် ကျန်စစ်မင်း ဇာတ်ကားမှာ ပရိသတ်အားပေးမှု အရှိန်ကောင်းနေဆဲ ဖြစ်သည်။ **ကျန်စစ်မင်း**ဇာတ်ကားကို ဇေရတ် ရုပ်ရှင်ထုတ်လုပ်ရေးက ထုတ်လုပ်ပြီး ဦးသိန်းလှိုင် (ဘီအေ)၏ ဇာတ်လမ်းကို မြင့်ဦး‌ဦးမြင့်နှင့် မြမြင့်မိုရ်တို့က ဇာတ်ညွှန်းရေးသားကာ သရုပ်ဆောင်ဒါရိုက်တာအဖြစ် လူမင်းက သရုပ်ဆောင် ရိုက်ကူးထားသည်။ လူမင်း၊ မေသန်းနု၊ ထက်ထက်မိုးဦး၊ ပန်းဖြူ၊ စိုးမြတ်နန္ဒာ၊ လှိုင်ဖြူဖြူထွဏ်း၊ ညွန့်ဝင်းတို့နှင့်အတူ ဇာတ်ပို့ဇာတ်ရံပေါင်းများစွာဖြင့် ခမ်းနားစွာရိုက်ကူးထားရာ အရုပ်နှင့် အသံစနစ်တို့မှာ ယခင် မြန်မာဇာတ်ကားများနှင့်မတူ တစ်မူထူးခြားစွာ ရှုစားရမည်ဖြစ်သည်။

မြန်မာ့သမိုင်းတွင် ထင်ရှားခဲ့သည့် အနော်ရထာမင်းလက်ထက် သူ့ရဲကောင်း ကျန်စစ်သား၏ ဘဝကို ၎င်း၏ သွေးသောက်ရဲဘော် သူရဲကောင်းသုံးဦးနှင့်အတူ ပြည်ပကျူးကျော်စစ်ကို ချေမှုန်းသည်မှအစ သုံးပွင့်ဆိုင်နှလုံးသားရေးရာ ဇာတ်လမ်းများ အပါအဝင် ထောင့်စေ့စွာရိုက်ကူးထားသည့် သမိုင်းနောက်ခံပြု ဇာတ်လမ်းဖြစ်သည်။

ဇာတ်လမ်းနှင့် လိုက်ဖက်စွာ သရုပ်ဆောင်များက သရုပ်ဆောင်နိုင်ကြသည့်နည်းတူ ဇာတ်လမ်းပါ ထိုခေတ်ထိုအခါက ဝတ်စားဆင်ယင်မှုများကိုပါ အနီးစပ်ဆုံးဖြစ်စေရန် ဒါရိုက်တာက ဟာကွက်မရှိစေဘဲ ရိုက်ကူးထားသည့် အဆင့်မြင့် မြန်မာဇာတ်ကားကောင်းတစ်ကားဖြစ်သည်။

သမ္မတ၊ သွင်နှင့် မင်္ဂလာရုပ်ရှင်ရုံများတွင် ဆက်လက်အောင်ပွဲခံဆဲဖြစ်သည်။

အကယ်ဒမီပြုံးချိုကြီး

ရွှေဆောင်ရုပ်ရှင်ရုံတွင် ပရိသတ်၏ တောင်းဆိုချက်အရ ဆက်လက်ပြသနေရသော **'အကယ်ဒမီပြုံးချိုကြီး'** ဇာတ်ကားမှာလည်း ဇာတ်လမ်းနှင့် လိုက်လျောညီစွာ သရုပ်ဆောင်များ၏ အရည်အသွေးတောက်ပြောင်စွာ သရုပ်ဆောင်မှုကြောင့် ပရိသတ်အားပေးမှု ရရှိဆဲရှိနေသည်။

ရဲကျော်သူရုပ်ရှင်နှင့် ဗီဒီယိုထုတ်လုပ်ဖြန့်ချိရေးမှ ကိုမြတ်စိုး၊ ရဲကျော်သူ စီစဉ်ထုတ်လုပ်ပြီး ဇာတ်ညွှန်းနှင့် ဒါရိုက်တာ ခင်မောင်ဦး၊ စိုးသိန်းထွဋ်တို့ ရေးသားရိုက်ကူးကာ ဟာသ သရုပ်ဆောင် မိုးဒီ၊ မော့စ်၊ မင်းသူ၊ ဆုပန်ထွာ၊ ပပဝင်းခင်နှင့် ကလေးသရုပ်ဆောင် ဆုမေတို့ ခေါင်းဆောင်ပါဝင်ကြသည်။

ဝဇီရာရုံတွင် စင်ရော်ရုပ်ရှင် ထုတ်လုပ်ရေးမှ စာရေးဆရာမ ဂျူး၏ ဝတ္ထုကို အကယ်ဒမီငြိမ်းမင်း ဇာတ်ညွှန်းရေးသားပြီး အကယ်ဒမီ စင်ရော်မောင်မောင်ရိုက်ကူးသည့် **'လျှို့ဝှက်သောနှင်း'** ဇာတ်ကား ဆက်လက်ပြသနေသည်။

ထိုဇာတ်ကားတွင် အကယ်ဒမီလွင်မိုး၊ အကယ်ဒမီလူမင်း၊ အကယ်ဒမီညွန့်ဝင်း၊ အကယ်ဒမီ ထွန်းထွန်းဝင်း၊ အကယ်ဒမီစိုးမြတ်နန္ဒာ၊ အကယ်ဒမီ မြင့်မြင့်ခိုင်နှင့် နီလာအောင်အောင်တို့ ပါဝင်သရုပ်ဆောင်ကြသည်။

ကြယ်ကလေးများ

ရွှေဂုံရုံမြေညီထပ်တွင် ဘရဏီ ရုပ်ရှင်ထုတ်လုပ်ရေးမှ မင်းမင်း၏ ဝတ္ထုကို ကိုယ်ပဲဇာတ်ညွှန်း ရေး၍ ဒါရိုက်တာမင်းလွင်နှင့် တွဲဖက် မြတ်ဖုဏ်းနိုင်တို့ ရိုက်ကူးသည့် **'ကြယ်ကလေးများ'** ဇာတ်ကားပြသနေသည်။ ရန်အောင်၊ ဇာဂနာ၊ မေသန်းနုနှင့် ပန်းဖြူတို့ ပါဝင်ကြသည်။

မာလိန်မှူးထူးစိန်

ထားဝယ်ဗီဒီယို ထုတ်လုပ်ရေးမှ ကိုစိုးသန်း(ထားဝယ်) စီစဉ်ပြီး မင်းသိခ်၏ ဝတ္ထုကို လှဝင်း (A-1) ဇာတ်ညွှန်းရေးကာ ဒါရိုက်တာခင်စောမျိုး ရိုက်ကူးသည့် **'မာလိန်မှူး ထူးစိန်'** အဆင့်မြင့် မြန်မာဗီဒီယိုဇာတ်ကား နဝဒေးရုပ်ရှင်ဥယျာဉ်တွင် ဆက်လက်ပြသနေသည်။ အကယ်ဒမီညွန့်ဝင်း၊ အကယ်ဒမီကျော်သူ၊ အကယ်ဒမီကျော်ရဲအောင်၊ မင်းသစ္စာနှင့် ထွန်းလွင်အောင်တို့ ပါဝင်ကြဝင်သည်။

"ကျန်စစ်မင်း" ဆေးရောင်စုံဇာတ်ကားမှ အကယ်ဒမီလူမင်းနှင့် အကယ်ဒမီ ထက်ထက်မိုးဦးတို့၏ ဇာတ်ဝင်ခန်းတစ်ခန်းကို တွေ့ရစဉ်။

နိုင်ငံခြား ဇာတ်ကားများအဖြစ် ရွှေဂုံရုံ အပေါ်ထပ်တွင် Indian In The Cup Board သိပ္ပံဇာတ်ကား၊ နေပြည်တော် ရုံတွင် The Legend of Alexander ဇာတ်ကား၊ ဘုရင်ရုံတွင် Andaa အိန္ဒိယ ဇာတ်ကားနှင့် မြို့မရုပ်ရှင်ရုံတွင် Humaraaz အိန္ဒိယ ရုပ်ရှင်ဇာတ်ကားများ ပြသနေသည်။ (ကြေးမုံ)

ပြည်–ဆိပ်သာ ဧရာဝတီမြစ်ဖြတ် သဘာဝဓာတ်ငွေ့ပိုက်လိုင်း ပြုပြင်ထိန်းသိမ်းမှုလုပ်ငန်းများ ဝန်ကြီး ဗိုလ်မှူးချုပ်လွှန်းသီစစ်ဆေး

ရန်ကုန် မေ ၂၉

စွမ်းအင်ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်လွှန်းသီသည် ပို့ဆောင်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဖေသန်း၊ စွမ်းအင်ဝန်ကြီးဌာနနှင့် ပို့ဆောင်ရေးဝန်ကြီးဌာနတို့မှ တာဝန်ရှိသူများလိုက်ပါလျက် ယနေ့နံနက်ပိုင်းတွင် ပြည်–ဆိပ်သာ ၁၀ လက်မ ဧရာဝတီမြစ်ဖြတ် သဘာဝဓာတ်ငွေ့ပိုက်လိုင်း ပြုပြင်ထိန်းသိမ်းမှုလုပ်ငန်းများ ဆောင်ရွက်နေမှုအခြေအနေကို သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ဝန်ကြီးအား ဆိပ်သာဘက်ကမ်းရှိ လုပ်ငန်းခွင်ရှင်းလင်းဆောင်၌ မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်း အထွေထွေမန်နေဂျာ(ပိုက်လိုင်း) ဦးသန်းထွဋ်က မြစ်ဖြတ်ပိုက်လိုင်းစစ်ဆေး ပြုပြင်ဆောင်ရွက် ပြီးစီးမှုအခြေအနေကိုလည်းကောင်း၊ ရေအရင်းအမြစ်နှင့် မြစ်ကြောင်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဦးဆလိုင်းယောလ က ရေအောက်ပိုက်လိုင်းအခြေအနေ၊ ရေငုပ်စမ်းသပ်မှုနှင့် ပိုက်လိုင်းဖုံးခြင်းလုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှု အခြေအနေများကိုလည်းကောင်း ရှင်းလင်းတင်ပြကြရာ ဒုတိယဝန်ကြီး ဦးဖေသန်းက ဖြည့်စွက်ရှင်းလင်းတင်ပြသည်။

ထို့နောက် ဝန်ကြီးနှင့် ဒုတိယဝန်ကြီးတို့က မိုးတွင်းကာလ ရေများချိန်အတွက် ကြိုတင်ပြင်ဆင်ဆောင်ရွက်ရမည့် လုပ်ငန်းများ၊ ပိုက်လိုင်းကျိုးပြတ်မှု အန္တရာယ်မှ ကာကွယ်ရန်အတွက် ရေရှည်ထိန်းသိမ်းမှုလုပ်ငန်းများ၊ မြစ်ကြောင်းများနှင့် ကမ်းပါးထိန်းသိမ်းမှုလုပ်ငန်းများအတွက် ဆက်လက်ဆောင်ရွက်ရမည့် အစီအမံများကို အသေးစိတ်ဆွေးနွေးမှာကြားကြသည်။

စာမျက်နှာ ၉ ကော်လံ ၁ သို့ ✳

စွမ်းအင်ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်လွှန်းသီနှင့် ပို့ဆောင်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဖေသန်း ပြည်–ဆိပ်သာ ၁၀လက်မ ဧရာဝတီမြစ်ဖြတ် သဘာဝဓာတ်ငွေ့ပိုက်လိုင်း ဆက်သွယ်ခြင်းလုပ်ငန်းများကို ကြည့်ရှုစစ်ဆေးစဉ်။ (စွမ်းအင်)

ခေါင်းကြီး၊ ဆောင်းပါး အညွှန်း

✳ **မြန်မာနိုင်ငံနှင့် ဗီယက်နမ်နိုင်ငံတို့သည် အရှေ့တောင်အာရှနိုင်ငံများအသင်း(အာဆီယံ) အဖွဲ့ဝင်နိုင်ငံများ ဖြစ်ကြသည်နှင့်အညီ ဒေသတွင်း ငြိမ်းချမ်းရေး၊ လုံခြုံရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးအတွက် အတူတကွ တက်တက်ကြွကြွ ပူးပေါင်းဆောင်ရွက်လျက် ရှိနေကြသည်။** ခေါင်းကြီး (စာမျက်နှာ–၂)

✳ **၂၀၀၄ခုနှစ် ကမ္ဘာ့ဆေးလိပ်မသောက်ရေးနေ့ အထိမ်းအမှတ်ဆုကို မြန်မာနိုင်ငံ ကျန်းမာရေးဝန်ကြီးဌာန ဝန်ကြီးအားချီးမြှင့်ပေးအပ်ခဲ့ပါသည်။ မြန်မာနိုင်ငံတွင် စစ်တမ်းများအရ ဆေးလိပ်သောက်သုံးမှုနှုန်းထားများ လျော့နည်းကျဆင်းလျက်ရှိပါသည်။**
ဒေါက်တာဒေါ်ညိုညိုကြိုင်၏ ***"၂၀၀၅ခုနှစ် ကမ္ဘာ့ဆေးလိပ်မသောက်ရေးနေ့"*** ဆောင်းပါး (စာမျက်နှာ–၆)

အာရှ–ဥရောပ လူငယ်အားကစားပြိုင်ပွဲ မြန်မာယှဉ်ပြိုင်မည် လူငယ်မျိုးဆက်သစ်များအတွက် အတွေ့အကြုံရရှိမည့် ပြိုင်ပွဲဖြစ်

ရန်ကုန် မေ ၂၉

၂၀၀၅ ခုနှစ် ဇွန် ၂ ရက်မှ ၈ ရက်အထိ ထိုင်းနိုင်ငံ ဗန်ကောက်မြို့တွင် ကျင်းပမည့် ပထမအကြိမ် အာရှ–ဥရောပ လူငယ်အားကစားပြိုင်ပွဲ (၂၀၀၅)သို့ မြန်မာအားကစားအဖွဲ့များ ဝင်ရောက်ယှဉ်ပြိုင်မည်ဖြစ်သည်။

အဆိုပါ အာရှ–ဥရောပ အားကစားပြိုင်ပွဲတွင် ဘောလုံး၊ ပြေးခုန်ပစ်၊ ရေကူး၊ ကြက်တောင်၊ စားပွဲတင်တင်းနစ်နှင့် တင်းနစ် စုစုပေါင်း ပြိုင်ပွဲ ခြောက်ခု ထည့်သွင်းကျင်းပမည်ဖြစ်ရာ မြန်မာအားကစားအဖွဲ့က ပြိုင်ပွဲခြောက်ခုစလုံး ဝင်ရောက်ယှဉ်ပြိုင်မည်ဖြစ်ပြီး သရုပ်ပြရန်အတွက် ခြင်းလုံးအဖွဲ့ လိုက်ပါသွားမည်ဟု သိရသည်။

ယင်းပြိုင်ပွဲသို့ အာရှမှ တရုတ်၊ ဂျပန်၊ ဘရူနိုင်း၊ မြန်မာ၊ အိမ်ရှင်ထိုင်း၊ ဗီယက်နမ်၊ အင်ဒိုနီးရှား၊ လာအို၊ဖိလစ်ပိုင်၊ မလေးရှား၊ ကမ္ဘောဒီးယား၊ တောင်ကိုရီးယားနှင့် စင်ကာပူ စုစုပေါင်း ၁၃နိုင်ငံ ပါဝင်ယှဉ်ပြိုင်မည်ဖြစ်ပြီး ဥရောပမှ အင်္ဂလန်၊ဖင်လန်၊ ပြင်သစ်၊ ဒိန်းမတ်၊ ဘယ်လ်ဂျီယံ၊ ဩစတြီးယား၊ဂျာမနီ၊ဂရိ၊အိုင်ယာလန်၊ အီတလီ၊ လူဇင်ဘတ်၊ နယ်သာလင်၊ ပေါ်တူဂီ၊ စပိန်၊ ဆွီဒင်၊ ဆိုက်ပရပ်စ်၊ အက်စတိုးနီးယား၊ ဟန်ဂေရီ၊ လစ်ဗျား၊ လစ်သူရေးနီးယား၊ မော်လ်တာ၊ ပိုလန်၊ ချက်၊ စလိုဗက်ကီးယားနှင့် စလိုဗေးနီးယား စုစုပေါင်း ၂၅ နိုင်ငံ ပါဝင်ယှဉ်ပြိုင်မည်ဖြစ်သည်။ နောက်ဆုံးသတင်းအရ ပြိုင်ပွဲဝင်နိုင်ငံများ တိုးလာကြောင်း သိရသည်။

ယခုကျင်းပမည့် အာရှ–ဥရောပ လူငယ်အားကစားပြိုင်ပွဲသည် လူငယ်မျိုးဆက်သစ် အားကစားသမားများအတွက် နိုင်ငံတကာအတွေ့အကြုံ များစွာရရှိမည်ဖြစ်ရာ များစွာအကျိုးရှိမည့် ပြိုင်ပွဲတစ်ခုလည်းဖြစ်သည်။ ပြိုင်ပွဲတွင် အာရှအင်အားကြီး၊ ဥရောပအင်အားကြီးနိုင်ငံများ ဝင်ရောက်ဆင်နွှဲမည်ဖြစ်သည်။ မြန်မာအားကစားအဖွဲ့မှ လူငယ်မျိုးဆက်သစ် အားကစားသမားများ၏ ပြည်ပအတွေ့အကြုံရရှိမည့် ပြိုင်ပွဲတစ်ခုလည်းဖြစ်သည်။

စာမျက်နှာ ၁၁ ကော်လံ ၁ သို့ ●

ပထမအကြိမ် အာရှ–ဥရောပ လူငယ် ရေကူးပြိုင်ပွဲဝင်မည့် မြန်မာရေကူး အားကစားအဖွဲ့မှ အုပ်ချုပ်သူ၊ နည်းပြ ဦးချိုမောင် (အတွင်းရေးမှူး၊ အဖွဲ့ချုပ်)နှင့် အားကစားသမား ကျော်ဇင်၊ အောင်ကျော်မိုးတို့အား တွေ့ရစဉ်။ စိုးညွန့်(ကြေးမုံ)

ရန်ကုန်မိုး

ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာ နိုင်သည်။ ရွာရန် ရာနှုန်း ၆၀ ဖြစ်သည်။